# မန္တလေး နေ့စဉ်
The Mandalay Daily
၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၄၉)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ၁၈-၁၁-၂၀၂၄၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ခရီးသွားများဖြင့် အထူးစည်ကား



နေပြည်တော် နိုဝင်ဘာ ၁၇

ပုဂံရွှေဟောင်းယဉ်ကျေးမှု နယ်မြေ၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ဘုရားဖူး ခရီးသွားပြည်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

**နွေးထွေးလှိုက်လှဲစွာ ကြိုဆိုဖိတ်ခေါ်**

"တန်ဆောင်တိုင်ပွဲတော်ကာလမှာ လပြည့်နေ့ဟာ ဘုရားဖူးခရီးသွားတွေနဲ့ အထူးစည်ကားခဲ့ပါတယ်။ ပုဂံကို ပြည်တွင်းခရီးသွားတွေသာမက ပြည်ပ ခရီးသွားတွေလည်း အခုလကစပြီး အုပ်စုလိုက်စဝင်နေပါပြီ။ ပုဂံရွှေဟောင်းယဉ်ကျေးမှုဒေသဟာ အေးချမ်းသာယာပါတယ်။ ဒေသခံတွေကလည်း ပြည်တွင်း၊ ပြည်ပခရီးသွားတွေကို အမြဲတမ်း နွေးထွေးလှိုက်လှဲစွာ ကြိုဆိုဖိတ်ခေါ်နေပါတယ်"ဟု ထီးလိုမင်းလိုဘုရား မှ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

ပုဂံဒေသ၏ ခရီးသွားဝန်ဆောင်မှုကဏ္ဍသည် ပုဂံဒေသခံပြည်သူများ၏ လူမှုစီးပွားနှင့် အလုပ်အကိုင်အခွင့်အလမ်းကို များစွာအထောက်အကူပြုလျက်ရှိသည်။ စာမျက်နှာ ၃ သို့ ☆

ပုဂံရွှေဟောင်း ယဉ်ကျေးမှုနယ်မြေရှိ အလိုတော်ပြည့်ဘုရား၌ ဘုရားဖူးခရီးသွားများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၁၇

| | | | | |
|---|---|---|---|---|
| ဟားခါး | ၁ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၇ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၈ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၉ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၁၇

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျားမိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။ မိုး/ဇလ

**ယနေ့ ဖတ်စရာအညွှန်း**


စိတ်အားထက်သန်သမျှ ဘောလုံးကစားနေဦးမည်ဟု စီရော်နယ်လ်ဒို ပြောကြား
စာမျက်နှာ ၁၁

သံသရာ၏ ဟိုတစ်ဖက်ကမ်းဆီသို့(ဆောင်းပါး)
စာမျက်နှာ ၁၇

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၈ ရက် ၊ တနင်္လာနေ့။

မန္တလေး နေ့စဉ်

## လမ်းလျှောက်ခြင်းဖြင့် ကိုယ်ရောစိတ်ပါကျန်းမာခြင်း ဆုလာဘ်ကို ရရှိမည်

ကျန်းမာခြင်းသည် လူသားတိုင်းအတွက် အလွန်ပင်လိုအပ်လှသောအရာဖြစ်သည်။ လူသားတိုင်း ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေရန်အတွက် ပုံမှန်ကိုယ်လက်လှုပ်ရှားမှုတစ်ခုခု ပြုလုပ်ရန်လိုသည်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုဟုဆိုရာတွင် သက်လုံကောင်းမှု၊ ကြွက်သားသန်မာမှု၊ ခန္ဓာကိုယ်ဟန်ချက်ထိန်းသိမ်းနိုင်မှု၊ ခန္ဓာကိုယ်ပျော့ပျောင်းမှုဟူသော အကျိုးများရရှိနိုင်စေရန်အတွက် ဆိုင်ရာဆိုင်ရာလေ့ကျင့်ခန်းများကို ပုံမှန်အစီအစဉ်ဖြင့် စနစ်တကျပြုလုပ်ကြခြင်း ဖြစ်သည်။

ယခုအခါ လူနေမှုပုံစံများ ပြောင်းလဲလာသည့်အလျောက် အစားအသောက်နှင့် နေ့စဉ်လှုပ်ရှားသွားလာမှု၊ အလုပ်အကိုင် စသည်တို့က လူတစ်ဦးချင်းစီ၏ ကျန်းမာရေးအပေါ်တွင်လည်း အကျိုးသက်ရောက်မှုများဖြစ်ပေါ်လာသည်။ ခန္ဓာကိုယ်တွင် ရောဂါတစ်စုံတစ်ရာ စွဲကပ်လာမှကုသခြင်းထက် ရောဂါများမဖြစ်မီကပင် ကျန်းမာရေးနှင့် ညီညွတ်သည့် လူနေမှုပုံစံအတိုင်း စားသောက်သွားလာ၊ နေထိုင်၊ လုပ်ကိုင်ခြင်းဖြင့်သာ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာနိုင်ကြမည်ဖြစ်သည်။

ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းပြု လုပ်ရာတွင် "လမ်းလျှောက်ခြင်း"သည် အလွယ်ကူဆုံး၊ ငွေကုန်ကြေးကျအသက်သာဆုံးနှင့် အကျိုးကျေးဇူးအများဆုံးဖြစ်ကြောင်း သုတေသီများက လေ့လာတွေ့ရှိထားကြသည်။ နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းဖြင့်ရရှိနိုင်သောအကျိုးကျေးဇူးများမှာ လွန်စွာများပြားသည့် အလျောက် ကျန်းမာရေးအကျိုးရလဒ်များ ခံစားရယူနိုင်ကြသည်။

လမ်းလျှောက်ခြင်းလေ့ကျင့်ခန်းကို တစ်နေ့လျှင် နာရီဝက်မျှပြုလုပ်ခြင်းအားဖြင့် နှလုံးရောဂါဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီး လေဖြတ်ခြင်းနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်ပွားမှုကို လျော့ကျစေနိုင်သည်။ ပုံမှန်လမ်းလျှောက်ခြင်းသည် ကယ်လိုရီများကို လောင်ကျွမ်းစေကာ ကိုယ်အလေးချိန်ကို ထိန်းညှိစေသည့်အတွက် အဝလွန်ခြင်းကိုလျော့ကျစေသည်။ ထို့အပြင် ဆီးချိုကိုလည်း ထိန်းပေးနိုင်သည်။ အမျိုးသမီးများတွင်လည်း နေ့စဉ်ကျန်းမာရေးအတွက် လမ်းလျှောက်ပါက ရင်သားကင်ဆာနှင့် သားအိမ်ကင်ဆာဖြစ်နှုန်းကို လျော့ကျစေနိုင်သည်။ ကိုယ်ခံအားစနစ်ကို တိုးတက်ကောင်းမွန်စေသည့်အတွက် ဖျားနာမှုနှုန်းလျှော့ချပေးနိုင်သည်။ နေ့စဉ်ပုံမှန် လမ်းလျှောက်ခြင်းဖြင့် ကိုယ်ရောစိတ်ပါ ကျန်းမာခြင်းဆုလာဘ်ကို ရရှိစေသည်။ ထို့ပြင် ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုကို မြှင့်တင်ပေးနိုင်သည်သာမက ဦးနှောက်နှင့် မှတ်ဉာဏ်ပိုင်းကိုလည်း ပိုမိုကောင်းမွန်စေပြီး စိတ်ပိုင်းဆိုင်ရာခံစားမှုအပေါ် ကောင်းမွန်သည့် အကျိုးသက်ရောက်မှုလည်း ဖြစ်ပေါ်စေသည်။

သို့ဖြစ်ရာ လမ်းလျှောက်ခြင်းသည် မကူးစက်တတ်သော ရောဂါများစွာတို့အတွက် အစွမ်းထက်သည့် ဆေးတစ်လက်ဖြစ်သောကြောင့် နေ့စဉ်ပုံမှန်လမ်းလျှောက်ခြင်းဖြင့် ကိုယ်ရောစိတ်ပါ ကျန်းမာခြင်းဆုလာဘ်ကို လူတိုင်းပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။



## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း အကြိမ်(၂၀)မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းတို့၏ အကြိမ်(၂၀)မြောက် ဘုံဆွမ်းလောင်းလှူပွဲကို တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၄ နာရီခွဲက ၆၉လမ်းနှင့် ၃၅လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ကြက်သားဟင်း၊ ရွှေဖရုံသီးနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၂၂၅၀၀၀နှင့် သင်္ကန်းဒွိစုံ ၁၅ စုံတို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် ဇနီး၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြသည်။

နံနက် ၈ နာရီတွင် မဟာမြိုင်(၁)ရပ်ကွက်ရုံး၌ ရပ်ကွက်နေပြည်သူများအား ကြာဆံဟင်းခါးစတုဒိသာ ကျွေးမွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၀)



## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် နွေသင်တန်းများ ကျောင်းဝင်မှတ်ပုံတင်ခြင်း လုပ်ငန်းများဆောင်ရွက်ပေး

**ပခုက္ကူ နိုဝင်ဘာ ၁၇**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘွဲ့ကြိုတန်းများ၊ ဘွဲ့လွန်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို ကျောင်းသားရေးရာဌာနတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါနေ့သင်တန်းများ၏ ကျောင်းဝင်မှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၄ ရက်မှစတင်၍ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိလက်ခံဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုဝင်ဘာ ၂၁ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၄၀)

## သီလရှင်အပါး ၈၀ ကျော်အား တစ်နေ့တာဆွမ်းကပ် လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ မန္တလေးတောင်အတက်လမ်းရှိ ဇေယျာသီရိမိဘမဲ့ သီလရှင်ကျောင်း၊ ကျောင်းပြင်ပမူလတန်း၊ အလယ်တန်းကျောင်းရှိ သီလရှင်အပါး၈၀ ကျော်တို့အား အောင်မြေသာစံမြို့နယ်နေ အန်တီဝိုင်း၊ မမျိုးမျိုးသန့်နှင့် သူငယ်ချင်းတစ်စုတို့က တန်ဆောင်မုန်းလပြည့်နေ့တွင် တစ်နေ့တာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းကပ်လှူဒါန်းခြင်းသို့ ဇေယျာသီရိ မိဘမဲ့သီလရှင်ကျောင်း ဦးစီးတည်ထောင်သူ ဆရာကြီး ဒေါ်ထေရီ(ဓမ္မာစရိယ၊ ဝိနယဝိဒူ)နှင့် သီလရှင်ဆရာလေးများကြွရောက်ပြီး ဆွမ်းအလှူရှင်များမှ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခဲ့သည်။

အဆိုပါ ဇေယျာသီရိ မိဘမဲ့ သီလရှင်ကျောင်း၊ ကျောင်းပြင်ပ ပညာရေးကျောင်းသို့ တစ်နေ့တာ ဆွမ်းကပ်လှူဒါန်းလိုပါက အရုဏ်ဆွမ်းအား ငွေကျပ် ၁၇၀၀၀၀၊ နေ့ဆွမ်းအား ငွေကျပ် ၂၀၀၀၀၀ ဖြင့် ဆရာကြီး ဒေါ်ထေရီ(ဓမ္မာစရိယ၊ ဝိနယဝိဒူ)ဖုန်း ၀၉-၄၅ ၄၄၉၉၃၉၉ ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ) (၀၉၉)



## အာဆီယံနှင့် မိတ်ဆွေနိုင်ငံများ ဈေးရောင်းပွဲတော် ကျင်းပ

ဝါရှင်တန်မြို့ရှိ Fashion Centre at Pentagon City ၌ နိုဝင်ဘာ ၁၆ ရက်မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ ပြုလုပ်သည့် အာဆီယံနှင့် မိတ်ဆွေနိုင်ငံများ ဈေးရောင်းပွဲတော်၌ မြန်မာသံရုံး၊ ဝါရှင်တန်မြို့က မြန်မာ့ယွန်းထည်အပါအဝင် အခြားလက်မှုပစ္စည်းများကို ခင်းကျင်းပြသခဲ့သည်။

ဈေးရောင်းပွဲတော်သို့ မြန်မာသံရုံး၊ ဝါရှင်တန်မြို့၏ သံရုံးယာယီတာဝန်ခံ၊ သံအမတ် ဦးသက်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မြန်မာ့ယွန်းထည်၊ ရွှေချည်ထိုး၊ အခြားမြန်မာ့ရိုးရာလက်မှုပစ္စည်းများနှင့် ရှုခင်းဓာတ်ပုံများကို ပြသခဲ့သည်။

ထို့ပြင် ဈေးရောင်းပွဲတော်၌ ပါဝင်သည့် ဝါရှင်တန်မြို့အခြေစိုက်အခြားသံရုံးများမှလည်း လူသုံးကုန်ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများကို ခင်းကျင်းပြသခဲ့ကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်အား အာဆီယံအမျိုးသမီးအသင်း (ASEAN Spouses' Circle - ASC)၊ အာရှ-အမေရိကန်ကုန်သည်ကြီးများအသင်း (Asian American Chamber of Commerce - AACC)နှင့် Fashion Centre at Pentagon City တို့က ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း မြန်မာသံရုံး၏ ထုတ်ပြန်ချက်အရ သိရသည်။

(အောက်ပုံ)

(ရွှေမန်း)

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊


# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



တန်ဆောင်မုန်းလပြည့်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ကြသည့် ခရီးသွားများ ဆီမီးပူဇော်မှုကို တွေ့ရစဉ်။



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်ကြသည့် ခရီးသွားများကို တွေ့ရစဉ်။

☆ ရွှေဖုံးမှ

"ဒီနှစ်တန်ဆောင်တိုင်ပွဲတော်ကာလမှာ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ရှိတယ်။ ပြီးတော့ နေပြည်တော်၊ ပဲခူး စသဖြင့် နေရာဒေသတော်တော်များများမှာ ပွဲတော်တွေ စည်စည်ကားကား ကျင်းပခဲ့တဲ့အတွက် ပုဂံကိုလာတဲ့ခရီးသည်က ပျံ့ဝင်တဲ့ သဘောတော့ရှိတယ်။ ဒါပေမယ့် တန်ဆောင်တိုင်လပြည့်နေ့မှာတော့ စည်ကားခဲ့တယ်။ ဒေသခံတွေ အရောင်းအဝယ်တွေ အဆင်ပြေကြတယ်။ ကျွန်တော်တို့လို လက်ပန်းချီဆွဲတဲ့ ဆိုင်တွေအားလုံး ခရီးသွားတွေအပြည့်ရတယ်။ ပြီးတော့ ပြည်ပခရီးသွားတွေ ဝင်ရောက်လည်ပတ်တာမြင်ရတော့ ပိုပြီးဝမ်းသာရပါတယ်။ ခရီးသွားဝန်ဆောင်မှုနဲ့ ရပ်တည်နေရတဲ့ ဒေသဖြစ်တဲ့အတွက် ခရီးသည်တွေလာရင် ဝမ်းသာပီတိဖြစ်ရပါတယ်"ဟု လက်ပန်းချီရေးဆွဲသူ ကိုဇေယျာသန်းက ပြောသည်။

ပုဂံဒေသသို့ လာရောက်လည်ပတ်ကြသော ပြည်တွင်း၊ ပြည်ပခရီးသွားများသည် အမှတ်တရ ပစ္စည်းဝယ်ယူခြင်းအပြင် လက်ပန်းချီဆွဲခြင်း၊ မြင်းလှည်းစီးခြင်းတို့ကို အများဆုံးပြုလုပ်လေ့ရှိပြီး လူငယ်များကပို၍ လက်ပန်းချီရေးဆွဲလေ့ရှိကြောင်း သိရသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုဒေသတွင် သီတင်းကျွတ်၊ တန်ဆောင်မုန်းပွဲတော်ကာလသည် ခရီးသွားဝင်ရောက်မှုများသော အချိန်ကာလဖြစ်ပြီး နတ်တော်လတွင်ကျင်းပသည့် အလိုတော်ပြည့်ဘုရားပွဲတော်ကာလနှင့် ပြာသိုလတွင်ကျင်းပသည့် အာနန္ဒာဘုရားပွဲတော်ကာလတို့သည်လည်း ခရီးသွားများဖြင့် အထူးစည်ကားလေ့ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ-ကနူး**

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းသီးနှံ ၄၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ပွင့်ဖြူ နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းသီးနှံ ၄၅၉ဧကထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်းသီးနှံ ၃၂၃၂ဧက စိုက်ပျိုးရန် လျာထားရှိပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထား စိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပဲလွမ်း ၄၅၉ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဒီနှစ် ဆောင်းရာသီ ပွင့်ဖြူမြို့နယ်အတွင်း ပဲလွမ်းသီးနှံ ၃၂၃၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ပဲလွမ်းသီးနှံ ၄၅၉ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ သတ်မှတ်စိုက်ဧက ပြည့်မီဖို့နဲ့ သီးနှံအထွက်နှုန်းများ တိုးတက်စေဖို့အတွက် တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေပါတယ်။ ပဲလွမ်းသီးနှံစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်အောင်၊ စိုက်နည်းစနစ်များ မှန်ကန်ပြီး သွင်းအားစုပစ္စည်းတွေ စနစ်တကျ သုံးစွဲကြဖို့ အသိပညာပေးလုပ်ငန်းတွေ ကူညီဆောင်ရွက်ပေးပါတယ်။ ဒီဒေသက စိုက်ပျိုးမြေ ကောင်းမွန်ပြီး စိုက်ပျိုးရေအဆင်ပြေတဲ့အတွက်ကြောင့် သီးနှံစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီများတွင် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် ဈေးကွက်ရှိသည့် ပဲလွမ်းသီးနှံ စိုက်ပျိုးရေးကို အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရပြီး ယခင်နှစ် ဆောင်းသီးနှံရာသီတွင် ပဲလွမ်းသီးနှံ ၃၂၃၂ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၃၃၈၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး သတ်မှတ်လျာထားဧကကျော်လွန်အောင် စိုက်ပျိုးနိုင်ကာ သီးနှံ အထွက်နှုန်းအနေဖြင့် တစ်ဧက ၁၄ ဒသမ ၉၈တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ဈေးကွက်ရှိသော ပဲလွမ်းသီးနှံကို ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားရေးအတွက် သတ်မှတ်လျာထားစိုက်ဧက ပြည့်မီအောင်ကြိုးပမ်းစိုက်ပျိုးလျက်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၄၅)



# ကလောမြို့ မြို့လုံးကျွတ်မဟာတန်ဆောင်တိုင်ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲဖွင့်ပွဲ ကျင်းပ

ကလော နိုဝင်ဘာ ၁၇

(၁၉)ကြိမ်မြောက် ကလောမြို့ မြို့လုံးကျွတ် မဟာတန်ဆောင်တိုင်ရိုးရာမီးရှော်တိုင်နှင့်မီးကြာစံထွန်းညှိပူဇော်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၆ ရက် ည ၇ နာရီခွဲက ကလောမြို့ မောမြေဦးပန်းခြံ မီးရှော်တိုင်ကွင်း၌ ကျင်းပသည်။

အဆိုပါပူဇော်ပွဲကို ကလောမြို့ ကိုးမြို့ရှင်နတ်နန်းတွင် စုရပ်ပြုလုပ်၍ ကလောမြို့တောင်ကြီးပြည်ထောင်စုလမ်းမကြီးအတိုင်း ကလောနာရီစင်မှ မီးရှော်တိုင်ကွင်းသို့လှည့်လည်ကြရာ မီးကြာစံထွန်းညှိပူဇော်လှည့်လည်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်နှင့်ဇနီး၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးသည်။

အခမ်းအနားကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်၊ ပြည်နယ် ဝန်ကြီးများက ရိုးရာမီးရှော်တိုင်နှင့် မီးကြာစံထွန်းညှိပူဇော်ပွဲကို ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကလောမြို့ မီးရှော်တိုင်နှင့်မီးကြာစံအလှပဒေသာထွန်းညှိပူဇော်ပွဲကို သာမညဖလအခါတော်နေ့ အထိမ်းအမှတ်အဖြစ် မြတ်ဗုဒ္ဓဘုရားရှင်အား တန်ဆောင်တိုင် မီးရှော် တိုင် နှင့် မီးကြာစံ အလှပဒေသာများဖြင့် နှစ်စဉ်ပူဇော်နိုင်ရန်၊ ကလောမြို့နယ်၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုဖော်ထုတ်ပြီး ရေရှည်တည်တံ့အောင် စောင့်ရှောက်ထိန်းသိမ်းနိုင်စေရန်၊ ကလောမြို့၏ သဘာဝရာသီဥတုနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကိုမြန်မာသာမကကမ္ဘာကပါ သိရှိပြီး ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ကာ မြို့နယ်၏ စီးပွားရေးလုပ်ငန်းများပိုမိုတိုးတက်ဖြစ်ထွန်းလာရန်၊ ကလောမြို့နယ် မြို့နယ်သားများ၊ လူငယ်ထုတစ်ရပ်လုံးက တိုင်းရင်းသားရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ဖော်ထုတ်ရာတွင် စုပေါင်းညီညာစွာဆောင်ရွက်နိုင်မှု၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်မှု၊ စည်းကမ်းစနစ်ကျနစွာ ဆောင်ရွက်နိုင်မှု အလေ့အကျင့်ကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရိုးရာမီးရှော်တိုင်နှင့်မီးကြာစံထွန်းညှိပူဇော်ပွဲကို စက်ခလုတ်နှိပ်၍ မီးပုံးပျံငယ် အလုံး ၂၀၀ လွှတ်တင်ခြင်းနှင့်မီးရှူးမီးပန်းများပစ်လွှတ်ပေးခြင်း၊ ပြိုင်ပွဲဝင် မီးကြာစံအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာအကအလှအဖွဲ့များက ကပြဖျော်ဖြေခြင်း နှင့်နိုင်ငံကျော် သရုပ်ဆောင်တေးသံရှင်များက ဖျော်ဖြေပေးကြကြောင်း သိရသည်။

ယင်းနောက် ပြိုင်ပွဲဝင်ကလောမြို့ရပ်ကွက်(၃) ကိုယ်စားပြု Kalaw-Net မီးရှော်တိုင်အဖွဲ့များက ပစ်လွှတ်ထွန်းညှိပူဇော်ယှဉ်ပြိုင်ကြသည်။ အဆိုပါ မီးရှော်တိုင်ပြိုင်ပွဲတွင် ကလောမြို့ပေါ်ရှိ (၁၁)ရပ်ကွက်နှင့်ရပ်ကွက်/ကျေးရွာတို့မှ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ခဲ့ပြီး ပြိုင်ပွဲတွင်မီးရှော်တိုင် ၁၅ တိုင်ကို ညစဉ် ငါးတိုင်ဖြင့် နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)





# တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲ ဆဋ္ဌမနေ့တွင် မီးပုံးပျံစုစုပေါင်း ၁၈၂ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်နိုင်

တောင်ကြီး နိုဝင်ဘာ ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ၁၃၈၆ ခုနှစ် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ တန်ဆောင်တိုင် မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မြို့နယ်လုံးကျွတ် စုပေါင်း မဟာဘုံကထိန်ပွဲတော်၊ မီးပဒေသာလှည့်လည်ပူဇော်ပြိုင်ပွဲ၊ ဈေးပွဲတော်၊ အရောင်းမြှင့်တင်ရေးပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထိုသို့ ကျင်းပရာတွင် ပွဲတော်သို့လာရောက်လည်ပတ်သည့် ဧည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိပြီး ရင်တွင်းစကားသံများကို ယခုလိုကြားသိရသည်။

"ကျွန်မက မအေးချမ်းမိုးပါ၊ တောင်ကြီးမြို့နယ်ကပါ၊ မီးပုံးပျံလာကြည့်တာပါ။ မီးပုံးက နေ့ဆိုရင် နေ့လွှတ်အရုပ်လေးတွေရှိတယ်။ ညဆိုရင်တော့ ညမီးကြီးနဲ့ စိန်နားပန် စတဲ့မီးပုံးပျံတွေကို တွေ့ရပါတယ်။ နေ့အရုပ်တွေဆိုရင် ခြေနှစ်ချောင်း၊ ခြေလေးချောင်း အရုပ်အစုံပါ။ မီးပုံးပျံတွေကတော့ ကာလအချိန်ကြာမြင့်စွာ အချိန်ယူပြီးလုပ်ရတယ်ဆိုတော့ အလွန်လည်းလှ၊ အလွန်လည်းကြည့်လို့ကောင်းပြီး စိတ်ထဲအလွန်ပျော်ရွှင်ရပါတယ်။ ပွဲဈေးတန်းတွေလည်း ရှိပြီးတော့ နေ့အရုပ်မှာဆိုရင် ဒေါင်း၊ ကြက်တူရွေး၊ ကြက်၊ ခို၊ ဘဲ၊ တောဝက်၊ ဆင်၊ မြင်း စတဲ့ အရုပ်အစုံကို လှလှပပ မြင်တွေ့ရပါတယ်။"

## ကြည့်ရှုအားပေး

ပွဲလာရောက်ကြည့်ရှုသူအမျိုးသားတစ်ဦးက "ဒီတန်ဆောင်တိုင်ပွဲမှာ နေ့လွှတ်အရုပ်တွေကို လှလှပပစည်စည်ကားကားနဲ့ လွှတ်တင်နေတာ တွေ့ရပါတယ်။ နေ့လွှတ်အရုပ်တွေကို မြင်တွေ့ရတာ ရင်သပ်ရှုမောဖွယ်ကောင်းလှပါတယ်။ လွှတ်တဲ့နေရာမှာ ကျွန်တော်အားပေးနေတာပါ။ ခြေနှစ်ချောင်း၊ ခြေလေးချောင်းစတဲ့ တစ်ရုပ်ထဲ၊ အတွဲလိုက်ဆိုရင် နှစ်ကောင်တွဲ၊ သုံးကောင်တွဲမြင်တွေ့ရပြီးတော့ တချို့အရုပ်တွေဆိုရင် မီးလောင်ပျက်စီးသွားတာတွေလည်း တွေ့ရပါတယ်။ ပရိသတ်များလည်း စည်စည်ကားကားနဲ့ အားရဝမ်းသာစွာ ကြည့်ရှုအားပေးနေကြတာကို တွေ့မြင်ရပါတယ်"။

အဆိုပါမီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၁၆ ရက်အထိ ခြောက်ရက်တာကာလအတွင်း စိန်နားပန်မီးပုံးပျံ ၁၉ လုံး၊ ညမီးကြီး မီးပုံးပျံ ၂၂ လုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ ၁၇၄ လုံး စုစုပေါင်း မီးပုံးပျံ ၂၇၁ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်နိုင်ခဲ့ပြီး နိုဝင်ဘာ ၁၇ ရက်တွင် ကျန်ရှိသည့် စိန်နားပန်မီးပုံးပျံ သုံးလုံး၊ ညမီးကြီး မီးပုံးပျံ လေးလုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ ၃၅ လုံး စုစုပေါင်း မီးပုံးပျံ ၄၂ လုံးအား လွှတ်တင်ပူဇော်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)





❖ စာမျက်နှာ ၂၄ မှ

ထိုပွဲတော်အတွင်း ရောင်းချကြမည့် ဈေးသည်များ၏ အခွင့်အလမ်းများပါ တစ်ဆက်တည်းပေါ်ပေါက်လာမည်ဖြစ်သောကြောင့် နိုင်ငံ၏ တစ်ဦးချင်းဝင်ငွေအပေါ်ကိုပါ တိုးတက်လာနိုင်မည်။ ယင်းပွဲတော်တစ်ခုတည်းအတွက် လာကြမည်သာမဟုတ်ဘဲ မြန်မာနိုင်ငံအတွင်းရှိ တစ်ခြားသော ခရီးသွားဆွဲဆောင်ရေးနေရာများကိုပါ လည်ပတ်ကြမည်ဆိုလျှင် ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။ သင်္ကြန်ပွဲတော်တွင် မြန်မာတို့၏ ကိုယ်ပိုင်ရိုးရာ ယဉ်ကျေးမှု များစွာရှိသည်။ စတုဒိသာဟူသည် လမ်းတိုင်းကျွေးမည့်အရာဖြစ်သည်။ ရေကစားရင်း သနပ်ခါးများလည်း လိမ်းပေးကြဦးမည်။ ဤအချက်တို့ကို နိုင်ငံခြားခရီးသွားများကိုယ်တိုင် ကြုံတွေ့လာရသောအခါ တစ်ခြားယဉ်ကျေးမှုများကိုပါ မိတ်ဆက်သွားနိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့်ပင် ယူနက်စကိုဝင်နိုင်စေရန် ကြိုးပမ်းကြရမည် ဖြစ်သည်။

**ယူနက်စကိုဝင်ဖို့ ကြိုးစားစို့**

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာ ၂ရက်မှ ၇ရက်အထိ ပါရာဂွေးနိုင်ငံ၊ အာဆွန်စီယွန်မြို့၌ ကျင်းပပြုလုပ်မည့် (၁၉)ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် မြန်မာနိုင်ငံမှ တင်သွင်းထားသည့် မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် အဆိုပြုစာတွဲနှင့် ပတ်သက်၍ တရားဝင်ဆုံးဖြတ်တော့ပေမည်။ ရွေးချယ်ခံရပါက အထက်တွင်ပြောထားသည့်အတိုင်းပင် ကောင်းကျိုးများစွာ ရရှိမည်သာမကဘဲ သုံးခုမြောက် ယူနက်စကိုဝင်မည့် အရာဖြစ်လာတော့မည်။ ဝင်လာစေရန်အတွက် ကျွန်တော်တို့ နိုင်ငံသားများအနေဖြင့်လည်း မိမိသင်္ကြန်ပွဲတော်အား ပံ့ပိုးအားပေးမှု အပြည့်ရှိရမည်။ သင်္ကြန်ပွဲတော် ဓာတ်ကားများ၊ ဝတ္ထုများ၊ ဓာတ်ပုံ၊ မှတ်တမ်းဗီဒီယိုများ၊ သမိုင်းမှတ်တမ်းအထောက်အထားများလည်း လိုအပ်ပေသည်။ ထိုအထောက်အထားများကိုလည်း ယခင်ထက် ပိုမိုရရှိလာစေရန် ကြိုးပမ်းဆောင်ရွက်ကြရင်းဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကြီး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်လာစေရန် ကျွန်တော်မျှော်လင့်နေပါတော့သည်။



(မင်းခကောင်းကင်)

## ဘူမိဗေဒမိသားစု (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရန် စတုတ္ထအကြိမ်မြောက် အစည်းအဝေး ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၇**

အထက်မြန်မာပြည် တက္ကသိုလ်များ ဘူမိဗေဒမိသားစု၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးမြို့ ၇၉ လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ကောင်းကျော်ကဖေးတွင် ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ နာယကဆရာကြီး ဒေါက်တာမြင့်သိန်း အမှူးပြုသော ဘူမိဗေဒကျောင်းသားဟောင်း ၅၀ ဦးတက်ရောက်ကာ အစည်းအဝေးတွင် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်ကျောင်းတိုက်ရှိ သံဃာတော်များသို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ မန္တလေးမြို့နေ ဆရာကြီးများအား ပူဇော်ကန်တော့ခြင်းကို နိုဝင်ဘာ ၃၀ ရက် နံနက် ၁၀ နာရီတွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့နေ ဘူမိဗေဒကျောင်းသားကြီးများကလည်း ထိုနေ့ ထိုအချိန်မှာပင် ရန်ကုန်မြို့နေ ဆရာကြီးများအား တစ်ပြိုင်နက်တည်း ပူဇော်ကန်တော့ကြမည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ထို့နောက် စာသင်နှစ်အလိုက် ကောက်ခံရရှိသော အလှူငွေများကို အတန်းကိုယ်စားလှယ်များက ကျင်းပရေးကော်မတီ ဥက္ကဋ္ဌထံသို့ ငွေသား+K Pay ဖြင့် အပ်နှံကြပြီး ပဉ္စမအကြိမ်မြောက်အစည်းအဝေးကို နိုဝင်ဘာ ၂၄ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး အလှူငွေများ ဆက်လက်အပ်နှံရန်နှင့် အာစရိယပူဇာထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းမှုအစုစုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးပို့ရေးအတွက်ကိုလည်း သက်ဆိုင်ရာအတန်းကိုယ်စားလှယ်တို့က လုပ်ဆောင်ကြရန် ညှိနှိုင်းစည်းဝေးကြကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

(ဝ၄ဝ)



## မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် (၂)သိန်း ထပ်မံတင်ပို့သွားမည်

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ သဘောတူညီမှု MoU အရ ၂၀၂၄-၂၀၂၅ခုနှစ်အတွင်း မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် (၂)သိန်း တင်ပို့နိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းက Online ဖြင့် ပြုလုပ်ခဲ့ကြောင်း မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ သိရသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် (၂)သိန်း ထပ်မံတင်ပို့နိုင်ရန် အရောင်းအဝယ်စာချုပ် (Sale Contract)စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် ဈေးနှုန်းဆိုင်ရာကိစ္စရပ်များအား အသေးစိတ်ညှိနှိုင်းခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌနှင့်တကွ တာဝန်ရှိသူများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Ministry of Food မှ အမြဲတမ်းအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစိုးရအကြား ဆန်စပါး ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၂ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး စာချွန်လွှာအရ ၂၀၂၂ခုနှစ်မှ ၂၀၂၇ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ်ဆန်ဖြူတန်ချိန် (၂)သိန်းခွဲနှင့် ပေါင်းဆန်တန်ချိန် (၅၀၀၀၀)ကို တင်ပို့ရောင်းချနိုင်မည် ဖြစ်သည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ ပြည်ပကို ဆန်နှင့် ဆန်ကွဲ တင်ပို့မှု တန်ချိန် ၂ ဒသမ ၅သန်းအထိ တိုးမြှင့်တင်ပို့ပြီး အမေရိကန်ဒေါ်လာတစ်ဘီလျံကျော်အထိ ရရှိဖို့ မျှော်မှန်းထားသည်။

ပြီးခဲ့သည့်အောက်တိုဘာလကုန်ထိ မြန်မာနိုင်ငံမှ ဝယ်လက်နိုင်ငံများသို့ ဆန်၊ ဆန်ကွဲ မက်ထရစ်တန်ချိန် ၁၃၆၂၆၃၀ တန် တင်ပို့မှုကနေ ရရှိထားပြီး ၇လအတွင်း အမေရိကန်ဒေါ်လာ ၆၄၇ သန်းကျော်ရရှိထားကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် MRF က နိုဝင်ဘာ ၈ရက်က ထုတ်ပြန်ထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)



## ရေနံချောင်းမြို့မဈေးကြီး သတ္တမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော် ကျင်းပ



**ရေနံချောင်း နိုဝင်ဘာ ၁၇**

တန်ဆောင်တိုင်ပွဲတော်ကာလ ရေနံချောင်းမြို့မဈေးကြီး ဈေးသူ၊ဈေးသားများစုပေါင်းကာ သတ္တမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းက ပဒေသာပင်များလှည့်လည်ကာ ပဒေသာပင်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ဆုံတိုက်ရပ်ကွက် စိန်ပန်းရပ် စိန်ပန်းဘုန်းတော်ကြီးကျောင်း သာသနာ့ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ တက်ရောက်လာသည့် ဈေးသူ၊ဈေးသားများက ဩကာသကန်တော့ချီးဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး စိန်ပန်းကျောင်းတိုက်ဆရာတော်ကြီးထံမှ ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဆရာတော်ကြီးက ကထိန်အနုမောဒနာတရား ဟောကြားချီးမြှင့်သည်။

ရေနံချောင်းမြို့မဈေးကြီး သတ္တမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲတော်တွင် ဈေးသူ၊ဈေးသားများ၏ ငွေပဒေသာပင်စုစုပေါင်း လှူဒါန်းငွေကျပ် ၁၈၈၇၂၀၅၀၊ ပစ္စည်းပဒေသာပင် (၇)ခုနှင့် ပင့်သံဃာ ၃၀ ပါးအတွက် လှူဖွယ်ပစ္စည်းခြင်းများကို စုပေါင်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၄၇၂)

# ပြည်သူတို့သိမှတ်ဖွယ်ရာ လျှပ်စစ်လုပ်ငန်းစဉ်များ

မောင်မောင်စွယ်စုံထွန်း

တစ်လောက လုပ်ဖော်ကိုင်ဖက် ညီငယ်တစ်ဦးမှ "ပြည်သူတွေတော့ မသိဘူး အစ်ကို ကျွန်တော်တို့ ရုံးတွေမှာဆို ဝန်ထမ်းတွေက SOP (Standard Operating Procedure) လို့ခေါ်တဲ့ လျှပ်စစ်လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရေရေရာရာ မသိကြတော့ဘူး။ အစ်ကိုက စာရေးနေတော့ ရှာဖွေစုဆောင်းပြီး အားလုံးသိအောင် ရေးပေးပါဦးနော် အစ်ကို" ဟု ဆိုလာသည်။ ချက်ချင်းတော့ မရေးအားခဲ့ပါ။ စာရေးသည်ဆိုသည်မှာကလည်း ရှာရ၊ ဖွေရ၊ စုဆောင်းရသည်။ ပြီးမှချရေးနိုင်တာဖြစ်သည်။ ဌာနတာဝန်ထမ်းဆောင်ရင်း အလုပ်တစ်ဖက်နှင့် ပြည်သူသိအောင်၊ ဗဟုသုတရအောင် စာရေးနေခြင်းဖြစ်ရာ စာရေးရန် အတော်ပင်ကြိုးစားနေရပါသည်။ ဖတ်မိမှတ်မိသမျှ ရှာဖွေစုစည်း၍ ပြည်သူတွေ လျှပ်စစ်ရုံးများနှင့် ဆက်သွယ်၍ လျှပ်စစ်လုပ်ငန်းများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို သိရှိနိုင်ကြစေရန်လည်းကောင်း၊ သက်ဆိုင်ရာရုံးများမှ ညီငယ်၊ ညီမငယ်များမှလည်း လုပ်ငန်းစဉ်အဆင့်ဆင့်ကို မှန်မှန်ကန်ကန် သိရှိနိုင်ကြရန်လည်းကောင်း အခြေခံအချက်များကို ရှာဖွေရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။

**အိမ်သုံးမီတာ (ရိုးရိုးနေအိမ်) လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ**

၁။ အိမ်သုံးမီတာကို ဓာတ်အားသုံးစွဲသူက အောက်ဖော်ပြပါ စာရွက်စာတမ်းများ ယူဆောင်၍ သက်ဆိုင်ရာမြို့နယ် လျှပ်စစ်ရုံးများတွင် လျှောက် ထားရမည်-

(က) ကာယကံရှင်၏ ကိုယ်ရေး လျှောက်လွှာ၊
(ခ) မှတ်ပုံတင်မိတ္တူနှင့် မူရင်း၊
(ဂ) သန်းခေါင်စာရင်းမိတ္တူနှင့်မူရင်း၊
(ဃ) ကျူးကျော်မဟုတ်ကြောင်း သက်သေပြနိုင်သည့် မြေပိုင်ဆိုင်မှုအထောက်အထား။

၂။ သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးက အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပါမည်။

(က) နေအိမ်နှင့် ဓာတ်အားလိုင်း အကွာအဝေးသည် ပေ ၃၀၀ နှင့် ပေ ၃၀၀ အတွင်း ရှိ၊ မရှိ၊
(ခ) ၂၃၀ဗို့ ဓာတ်အားလိုင်း ရှိ၊ မရှိ၊
(ဂ) လျှောက်ထားသူ၏ နေအိမ်သို့ ဓာတ်အားဖြန့်ဖြူးပေးမည့် ထရန်စဖော်မာ၏ ဝန်အားနိုင်နင်းမှု ရှိ၊ မရှိ။

၃။ မြို့နယ်လျှပ်စစ်ရုံးက ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက မီတာတပ်ဆင်ခွင့်ပြုမိန့် ထုတ်ပေးပါသည်။ မီတာသတ်မှတ်ကြေးမှာ မီတာဝယ်ယူသည့် တင်ဒါအောင်မြင်သည့် ဈေးနှုန်းအပေါ်တွင် မူတည်ပြီး ပြောင်းလဲနိုင်ပါသည်။

၄။ ခွင့်ပြုမိန့်ရရှိပြီးပါက မြို့နယ်လျှပ်စစ်ရုံးမှ ဘဏ္ဍာရေးဌာနတွင် ဓာတ်အားသုံးစွဲလိုသူမှ မီတာအတွက် သတ်မှတ်ကြေးငွေများ ပေးသွင်းရပါသည်။

၅။ မီတာတပ်ဆင်ခွင့်ပြုမိန့်ရရှိပါက ဓာတ်အားသုံးစွဲလိုသူအား သက်ဆိုင်ရာမြို့နယ်အလိုက် ပြင်ပမှ လျှပ်စစ်ကျွမ်းကျင်(EI)လက်မှတ်ရ လုပ်သားများနှင့် အိမ်တွင်းဝါယာရိန်းနှင့် ဆားဗစ်ကြိုးများ သွယ်တန်းစေပါသည်။(မီးသုံးပွင့်၊ မီးပလပ်တစ်ခုံအတွက် ငွေကျပ်၂၅၀၀၀ အနည်းဆုံး သတ်မှတ်ထားပါသည်။ ၎င်းထက်ပိုပါက အိမ်ရှင်နှင့် လျှပ်စစ်ကျွမ်းကျင်တို့ ညှိနှိုင်းဆောင်ရွက်ရပါမည်။)

၆။ အိမ်တွင်းဝါယာရိန်းသွယ်တန်းပြီးစီးကြောင်း၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းကြောင်း ကျွမ်းကျင်လုပ်သားများထံမှ တင်ပြလာပါက မြို့နယ်ရုံးမှ မီတာ တပ်ဆင်ပေးသွားမည် ဖြစ်ပါသည်။

**အိမ်သုံးမီတာ (ကန်ထရိုက်တိုက်ခန်း)လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်**

ကန်ထရိုက်တိုက်ခန်းများ (၄ ခန်းမှ ၁၇ ခန်းအထိ)အတွက် အိမ်သုံးမီတာများကို ဓာတ်အားသုံးစွဲသူက အောက်ဖော်ပြပါ စာရွက်စာတမ်းများ ယူဆောင်၍ သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးများတွင် လျှောက်ထားရမည်-

(က) ကာယကံရှင်၏ ကိုယ်ရေးလျှောက်လွှာ၊
(ခ) မြေရှင်(သို့မဟုတ်) လာရောက်လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ၊
(ဂ) သန်းခေါင်စာရင်းမိတ္တူ၊ မြေဂရန် မိတ္တူ၊
(ဃ) မြေရှင်နှင့် ကန်ထရိုက်တို့ ချုပ်ဆိုထားသည့် နှစ်ဦးသဘောတူစာချုပ်၊
(င) သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီ၏ အဆောက်အအုံဆောက်လုပ်ခွင့်၊ အဆောက်အအုံ Design & Drawing၊
(စ) သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီက ခွင့်ပြုထားသည့် အဆောက်အအုံပြီးစီးကြောင်း သက်သေခံလက်မှတ် (BCC)၊
(ဆ) သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီက ခွင့်ပြုထားသည့် အဆောက်အအုံ Drawing ပါ အခန်းအရေအတွက်အတိုင်း ထရန်စဖော်မာဝန်အားကျော်ပါက Transformer Infrastructure ကြေးအဖြစ် မီတာသတ်မှတ်ကြေးများကို ပေးသွင်းစေပြီး Main Service Wire နှင့် Connection Box တို့အား ဌာနက အကုန်အကျခံ ဆောင်ရွက်ပေးပါသည်၊
(ဇ) ဓာတ်အားပေးရမည့် ထရန်စဖော်မာဝန်အား ၈၀ ရာခိုင်နှုန်းကျော်ပါက သင့်လျော်သည့်နေရာတွင် ဌာနအစီအစဉ်ဖြင့် 200kVA ထရန်စဖော်မာ တစ်လုံးနှင့် လိုအပ်သော ဓာတ်အားလိုင်းများ တည်ဆောက်ပြီးမှသာ မီတာ တပ်ဆင်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရပါသည်။

**ယာယီမီတာ(အိမ်သုံး မီတာ+ပါဝါမီတာ)များ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်**

၁။ ပွဲလမ်းသဘင်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခမ်းအနားနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ယာယီမီတာ (အိမ်သုံးမီတာ+ ပါဝါမီတာ)များကို ဓာတ်အားသုံးစွဲသူက အောက်ဖော်ပြပါ စာရွက်စာတမ်းများ ယူဆောင်၍ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ရုံးများတွင် လျှောက်ထားရမည်-

(က) ကာယကံရှင်၏ လျှောက်လွှာ၊
(ခ) မြေရှင်(သို့မဟုတ်) လာရောက်လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူနှင့် မူရင်း၊
(ဂ) သန်းခေါင်စာရင်းမိတ္တူနှင့် မူရင်း၊
(ဃ) အိမ်သုံးမီတာ၊ ဘေလ်မိတ္တူနှင့် မူရင်း(အိမ်ဆောက်ယာယီမီတာများအတွက်)၊
(င) အသုံးပြုမည့် ဝန်အားစာရင်း၊
(စ) သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဌာနက ခွင့်ပြုထားသော ပွဲကျင်းပခွင့်ပြုမိန့်၊
(ဆ) သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ၏ အဆောက်အအုံဆောက်လုပ်ခွင့်၊
(ဇ) သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုထားသည့် အဆောက်အအုံ Design & Drawing၊ မြေဂရန်မိတ္တူ၊ မြေရှင်နှင့်ကန်ထရိုက်တို့ ချုပ်ဆိုထားသည့် နှစ်ဦးသဘောတူစာချုပ်၊



၂။ မြို့နယ်လျှပ်စစ်ရုံးက အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ၊ မရှိ ကွင်းဆင်း စစ်ဆေးပါမည်။

(က) နေအိမ်နှင့် ဓာတ်အားလိုင်းအကွာအဝေးသည် ပေ ၃၀၀ အတွင်းရှိ၊ မရှိ
(ခ) ၂၃၀ဗို့ ဓာတ်အားလိုင်းရှိ၊ မရှိ၊
(ဂ) လျှောက်ထားသူ၏ နေအိမ်သို့ ဓာတ်အားဖြန့်ဖြူးပေးမည့် ထရန်စဖော်မာ၏ ဝန်အားနိုင်နင်းမှု ရှိ၊ မရှိ။

၃။ အထက်ဖော်ပြပါအချက်များ ပြည့်စုံပါက သက်ဆိုင်ရာမြို့နယ်လျှပ်စစ်ရုံးက ဓာတ်အားပေးနိုင်မည့် အခြေအနေနှင့်တကွ အမှုတွဲပြုစုပြီး ခရိုင်လျှပ်စစ်ရုံးသို့တင်ပြ၍ ခရိုင်လျှပ်စစ်ရုံးက အမှုတွဲအား စိစစ်ပြီး ခွင့်ပြုဆောင်ရွက်ပေးပါမည်။

**ယာယီမီတာ(အိမ်တွင်းသုံးပါဝါမီတာ၊ လုပ်ငန်း၊ စက်မှုသုံး ပါဝါမီတာ)များ လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်**

၁။ ပါဝါမီတာ (အိမ်တွင်းသုံး ပါဝါမီတာ၊ လုပ်ငန်း၊ စက်မှုသုံး ပါဝါမီတာ)များကို ဓာတ်အားသုံးစွဲသူက အောက်ဖော်ပြပါ စာရွက်စာတမ်းများ ယူဆောင်၍ သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ရုံးများတွင် လျှောက်ထားရမည်-

(က) ကာယကံရှင်၏ ကိုယ်ရေးလျှောက်လွှာ၊
(ခ) မှတ်ပုံတင်မိတ္တူနှင့် မူရင်း၊
(ဂ) သန်းခေါင်စာရင်းမိတ္တူနှင့် မူရင်း၊
(ဃ) အိမ်သုံးမီတာဘေလ်မိတ္တူနှင့် မူရင်း၊
(င) အသုံးပြုမည့်ဝန်အားစာရင်း၊
(စ) လုပ်ငန်းလိုင်စင်၊ ကုမ္ပဏီမှတ်ပုံတင် (လုပ်ငန်းသုံး၊ စက်မှုသုံးပါဝါမီတာ အတွက်)၊
(ဆ) အိမ်တွင်းသုံးပါဝါမီတာဖြစ်ပါက အိမ်ရှင်ထံ စီးပွားရေးလုပ်ငန်းအတွက် မဟုတ်ကြောင်း ကတိဝန်ခံချက်။

၂။ မြို့နယ်လျှပ်စစ်ရုံးက အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးပါမည်။

(က) နေအိမ်နှင့် ၄၀၀ဗို့ ဓာတ်အားလိုင်းအကွာအဝေးသည် ပေ ၃၀၀ အတွင်းရှိ၊ မရှိ၊
(ခ) လျှောက်ထားသူ၏နေအိမ်သို့ ဓာတ်အားဖြန့်ဖြူးပေးမည့် ထရန်စဖော်မာ၏ ဝန်အားနိုင်နင်းမှု ရှိ၊ မရှိ။

၃။ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ခရိုင်လျှပ်စစ်ရုံးသို့ ဆက်လက်တင်ပြပြီး ခွင့်ပြုမိန့် တောင်းခံပါမည်။

၄။ ခရိုင်လျှပ်စစ်ရုံးက ထပ်မံစိစစ်၍ ခွင့်ပြုမိန့်ချပေးပါမည်။

၅။ ခွင့်ပြုမိန့်ရရှိပါက မြို့နယ်လျှပ်စစ်ရုံးက မီတာတပ်ဆင်ခြင်းအတွက် လျှောက်ထားသည့် ပါဝါမီတာ(ကီလိုဝပ်)အလိုက် သက်ဆိုင်ရာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးတွင် ကာယကံရှင်ကိုယ်တိုင် ပေးသွင်းစေပါမည်။

၆။ ဓာတ်အားသုံးစွဲလိုသူအား သက်ဆိုင်ရာမြို့နယ်အလိုက် လျှပ်စစ်ကျွမ်းကျင်(EI) လက်မှတ်ရ လုပ်သားများက အိမ်တွင်းဝါယာရိန်းနှင့် ဆားဗစ်ကြိုးသွယ်တန်းစေပါမည်။

၇။ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသို့ Internal Wiring များ စစ်ဆေးစေပြီး လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်း လတ်မှတ်ရယူစေပါမည်

၈။ ပြည့်စုံပါက သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်ရုံးမှ မီတာတပ်ဆင်ပေးပြီး ဓာတ်အားဆက်သွယ်ပေးသွားမည်ဖြစ်ပါသည်။

**ကိုယ်ပိုင်၊ လုပ်ငန်းသုံး၊ စက်မှုသုံး ထရန်စဖော်မာ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်**

၁။ ကိုယ်ပိုင်၊ လုပ်ငန်းသုံး၊ စက်မှုသုံး ထရန်စဖော်မာများကို ဓာတ်အားသုံးစွဲသူက အောက်ပါ စာရွက်စာတမ်းယူဆောင်၍ သက်ဆိုင်ရာမြို့နယ် လျှပ်စစ်ရုံးများတွင် လျှောက်ထားရမည်-

(က) ကာယကံရှင်၏ ကိုယ်ရေးလျှောက်လွှာ၊
(ခ) လျှောက်ထားသူ၏ မှတ်ပုံတင်၊ (နိုင်ငံသားဖြစ်ပါက စိစစ်ရေးကတ်မိတ္တူ) (နိုင်ငံခြားသားဖြစ်ပါက ပတ်စ်ပို့ မိတ္တူ၊ သက်ဆိုင်ရာသံရုံး ခွင့်ပြုသော ဗီဇာ (သက်တမ်းရှိ)မိတ္တူ၊ လျှောက်ထားသူသည် ကုမ္ပဏီအဖွဲ့ဝင်တစ်ဦး ဖြစ်ရမည်)၊
(ဂ) လျှောက်ထားသူ၏ အိမ်ထောင်စုဇယား၊ (လျှောက်ထားသူသည် နိုင်ငံခြားသားဖြစ်ပါက မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုထားသော အထောက်အထားများ)၊
(ဃ) မြေပိုင်ဆိုင်မှုအထောက်အထား၊ (မြို့နယ်မြေစာရင်းဦးစီးဌာနက အတည်ပြုထုတ်ပေးသည့် လျှောက်ထားသူအမည်ပေါက်၊ မြေငှားဂရန်၊ မြေစာရင်းပုံစံ ၁၀၅/၁၀၆၊ လယ်မြေဖြစ်ပါက ပုံစံ-၇နှင့် လယ-၃၀(က)၊ ပုံစံ-၁၅ (သို့မဟုတ်) (လျှောက်ထားသူအမည်ပေါက် မဟုတ်ပါက မြေအရောင်းအဝယ်စာချုပ်၊ မြေငှားစာချုပ်၊ GP လွှဲစာ၊ အမွေစား၊ အမွေခံလွှဲသည့်စာများ ပါရှိရမည်)၊

ဆက်လက်ဖော်ပြပါမည်။

## တစ်ရက်လျှင် ၁၀ နာရီခွဲကျော်ထိုင်ပြီး အလုပ်လုပ်သူများ ရေရှည်တွင် နှလုံးကျန်းမာရေး ထိခိုက်လာစေနိုင်

အထိုင်များခြင်းကြောင့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးလာရာမှ နေ့စဉ်ကျန်းမာရေးဘဝယိုယွင်းလာတတ်သည်မှာ ဓမ္မတာပင်ဖြစ်ရာ



ရုံးတွင်အလုပ်လုပ်သူများအနေအဖြင့် သင့်တင့်သော ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းများ ပြုလုပ်ပေးသင့်သည်ဟု ဆေးသိပ္ပံပညာရှင်များက အကြံပြုကြသည်။

ရုံးတွင်အထိုင်များသူအများစုအနေဖြင့် ညောင်းညာသည်ဟု ဆိုကာ နေ့ခင်းဖက်တွင် လဲလျောင်းတတ်ကြသေးရာမှ ကျန်းမာရေးအခြေအနေ ပိုမိုဆိုးရွားလာနိုင်သည်။

အထူးသဖြင့် တစ်ရက်လျှင် ၁၀နာရီခွဲကျော်ထိုင်ပြီး အလုပ်လုပ်သူများ ရေရှည်တွင် နှလုံးကျန်းမာရေးထိခိုက်လာစေနိုင်ကြောင်း အမေရိကန်သုတေသီများ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

မန်ဆာချူးဆက်အထွေထွေဆေးရုံမှ နှလုံးရောဂါအထူးကုဆရာဝန် ရှန်ခါရှစ် ဦးဆောင်သော ထိုသုတေသီများအနေဖြင့် လူပေါင်း ၈၉၀၀၀ ကျော်တို့ကို လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **SCI**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Rose ၏ တစ်ကိုယ်တော်ဂီတ APT အောင်မြင်မှုများစွာ သိမ်းပိုက်ထား

ဘလက်ပင့်ခ်အဖွဲ့ဝင် ရိုစ်၏ တစ်ကိုယ်တော်ဂီတ အနုပညာခရီးအတွက် APT သည် အောင်မြင်မှုများစွာ ရရှိခဲ့သည့် ကိုရီးယားရိုးရာဂိမ်းမှ ကမ္ဘာကျော်တေးသီချင်းဖြစ်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရိုစ်နှင့်အတူ ဘရူနိုမတ်စ်၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ကေပေါ့ပ်နှင့် အမေရိကန်ပေါ့ပ် ပေါင်းစပ်ထားသည့်သီချင်းသည် နှစ်ဦးစလုံးအတွက် ထူးခြားသော ပုံရိပ်ဖြစ်ခဲ့သည်။

ကိုရီးယားယဉ်ကျေးမှုကို ကမ္ဘာတစ်ဝန်းဖြန့်ကျက်နိုင်မည့် စွမ်းအားတစ်ခုလည်းဖြစ်ကာ ရိုးရာအချိုရည်သောက်စဉ် ကစားသောဂိမ်းမှ ကမ္ဘာကျော်တေးသီချင်းဖြစ်လာခဲ့သည့်အပြင် ပျော်ရွှင်ဖွယ်ရသကိုရစေပြီး ဂိမ်းကစားသူများ အပေါ့ထစ်စကားကို တစ်လုံးချင်းစီ ရွတ်ဆိုရင်း လက်များထပ်ပြီး ကစားရကာ မှားယွင်းပါက ဆိုဂျူသောက်ရသည့် ကစားနည်း ဖြစ်သည်။

**SKY**

## Jeong Nyeon သရုပ်ဆောင်ကောင်းသော်လည်း ဇာတ်ရံဖြစ်ရခြင်း အကြောင်းရင်းရှိကြောင်း ပြသခဲ့

သရုပ်ဆောင် ဂျောင်နာအွန်းက ဇာတ်လမ်းတွင် တော်၍ကြိုးစားသော်လည်း ထိပ်ဆုံးနေရာမရှိခဲ့ဘဲ သရုပ်ဆောင်ကောင်းပြီး



ဇာတ်ရံဖြစ်ရခြင်းအကြောင်းကို ပုံဖော်ပြသသွားခဲ့သည်။

အဆိုပါ ဇာတ်ကားမှာ ဖြစ်ရပ်မှန်ဂီတပညာရှင်တစ်ဦး အကြောင်း ရိုက်ကူးတင်ပြထားရာ တော်အောင်ကြိုးစားခဲ့သော်လည်း ထိပ်ဆုံးသို့ ရောက်ရှိခဲ့ခြင်းမရှိသည့်အကြောင်းရင်းမှာ မာန်မာနနှင့် ငါအတော်ဆုံး၊ ငါ့နေရာဟု တွေးထားပြီး အပေးအယူမျှတရန်ထက် သူ့ပိုပေါ်လွင်ရန် လုပ်ဆောင်ခဲ့သောကြောင့်ဖြစ်သည်ဟု ပုံဖော်ပြသထားသည်။

လူ့လောကတွင် ကြိုးစားတိုင်းဖြစ်မလာဘဲ ကံနှင့်ဆိုင်ကာ ကြိုးစားရမည်မှာ ကိုယ့်အလုပ်ဖြစ်ပြီး အကြောင်းအရာမျိုးစုံနှင့် တိုက်ဆိုင်မှသာ ကိုယ့်လက်ထဲရောက်ရှိလာခြင်းဖြစ်သည်ကို ပုံဖော်ဖန်တီးပြသထားခြင်း ဖြစ်သည်။ **SKY**

## Love in the Big City ဝေဖန်မှုများကြားမှ အောင်ပွဲရခဲ့




သရုပ်ဆောင် နမ်ယွန်ဆူနှင့် ဂျင်းဟိုအွန်းတို့ ပါဝင်ထားသည့် Love in the Big City ဇာတ်ကားမှာ စတင်ပြသချိန်မှစ၍ ဝေဖန်ကန့်ကွက်မှုများ ရှိခဲ့သည့်ကြားမှ အဆုံးတွင် အောင်ပွဲခံနိုင်ခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အချို့ပရိသတ် ဝေဖန်မှုပြင်းထန်ခဲ့၍ ဆင်ဆာဖြတ်တောက်၍ ပြန်တင်ခဲ့ရသည်အထိ ဖြစ်ခဲ့ပြီး မင်းသားနှစ်ဦးမှာလည်း ဝေဖန်မှုများကြားပိတ်မိခဲ့ရကာ LGBTQ+ ဖြစ်မည်ကို စိုးရိမ်လွန်ကဲနေကြသည်ကို တွေ့ကြရသည်။

တောင်ကိုရီးယားပရိသတ်များက သူတို့နှစ်သက်သည့် သရုပ်ဆောင်များကို အကြောင်းရင်းနှစ်ခုနှင့် အားပေးထားကြရာတွင် ခေတ်မမီသော အတွေးအခေါ်များကို ဘောင်ခတ်၍ ရည်ရွယ်ချက်မရှိ ကန့်ကွက်မှုကို ချေဖျက်လိုပြီး BL(လိင်တူ)စီးရီးများ Mainstream ပေါ်တက်ရန် အချိန်တန်ပြီဖြစ်၍ အားပေးမှုကို ပြသထားကြသည်။

**SKY**

**0-0-0-0-0-0-0**

## Choi Jaerim က အဆိုတော်သာမက သရုပ်ဆောင်ကောင်းတစ်ဦးလည်း ဖြစ်

တောင်ကိုရီးယား၏ ထိပ်တန်းအဆင့် ဂီတအဆိုတော် ချွိုင်ဂျေယင်းသည် သရုပ်ဆောင်ရာတွင်လည်း ပီပြင်လွန်း၍ ကျွမ်းကျင်ပိုင်နိုင်သည့် သရုပ်ဆောင်ကောင်းတစ်ဦးဖြစ်သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ချွိုင်ဂျေယင်းသည် ဒရမ်မာဇာတ်ကားများတွင် အဓိကမင်းသမီး၏ မကောင်းသည့်ခင်ပွန်းဇာတ်ရုပ်များကိုသာ ပါဝင်ခဲ့ရသော်လည်း သရုပ်ဆောင်ပီပြင်လွန်း၍ ပရိသတ်အားပေးမှု ရရှိထားသည်။

ချွိုင်ဂျေယင်းပါဝင်ထားသည့် Green Mother's Club, Lies Hidden in My Garden, A Virtuous Business တို့တွင် ဗီလိန်ခင်ပွန်းနေရာမှ ပါဝင်ထားပြီး ပရိသတ်ကြည့်ရင်း ဒေါသထွက်ရသည်ထိ သရုပ်ဖော်ဆောင်နိုင်ခဲ့သည်။

ဂီတဖက်တွင်လည်း နာမည်ကျော်အဆိုတော်တစ်ဦးဖြစ်ကာ အနုပညာထူးချွန်ဆုပေါင်းများစွာ သိမ်းပိုက်ထားပြီး လက်ရှိအသက် (၃၉)နှစ်နှင့် ပရိသတ်ကြား ရေပန်းစားနေသူ ဖြစ်သည်။ **SKY**

## Wulei ကို တိရစ္ဆာန်ကြင်နာသူတစ်ဦးအဖြစ် တွေ့ရ

တရုတ်အနုပညာလောကတွင် လူပျိုကြီးအဖြစ် နာမည်ကျော်ကြားသော အနုပညာရှင်ဝူလိန်းသည် တိရစ္ဆာန်များကို ကြင်နာသူတစ်ဦးအဖြစ်လည်း တွေ့ရသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝူလိန်က ၂၀၁၉ခုနှစ် Cross Fire ရိုက်ကွင်းပြုလုပ်သည့်နေရာ ချုံထဲမှတွေ့ရသော Stray ခွေးလေးကို ကောက်ယူမွေးစားခဲ့ရာ ငါးနှစ်ပြည့်သွားပြီဖြစ်ပြီး ယခင်ကလည်း ခွေးလေးစန်းလျှန်ကိုမွေးထားပြီး သေဆုံးသွား၍ ထပ်မံမွေးမြူခြင်းမပြုဘဲ နေခဲ့သည်။



ဝူလိန်ကို အင်တာဗျူးတစ်ခုတွင် အသက် ၃၀အရွယ်ရောက်၍ အရင်ဆုံးအိမ်ရာနိုးလာလျှင် ဘာလုပ်မလဲဟုမေးခဲ့ရာ ခွေးလေးဘိန်ဘိန်း ကျန်းမာနေရန်မျှော်လင့်သည်ဟု ဖြေသွားခဲ့သည်။

ဝူလိန်သည် ကလေးသရုပ်ဆောင်ဘဝနှင့် အနုပညာလောကသို့ ဝင်ရောက်ခဲ့ကာ အနုပညာလောကတွင် နာမည်တစ်လုံးထူထောင်ထားပြီး သူချစ်သောတိရိစ္ဆာန်ခွေးလေးနှင့် အချိန်ကုန်ဆုံးနေသည်။ **SKY**

## Jigra တွင် Alia ပါဝင်ပြီး ဝေဖန်မှုများယွင်းခဲ့

ဘောလိဝုဒ်နာမည်ကြီး အနုပညာရှင် အာလီယားပါဝင်ထားသည့် Jigra ရုပ်ရှင်မှာ ပထမတစ်ပတ်အတွင်းမှာပင် အရှုံးနှင့် ရင်ဆိုင်ရ၍ ရွေးချယ်မှုမှားယွင်းခဲ့သည်ဟု ဝေဖန်ခံရကြောင်း ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် အာလီယား ပါဝင်သည်မှလွဲ၍ စကားပြော၊ ဇာတ်ညွှန်း၊ သီချင်း၊ စိတ်လှုပ်ရှားမှု ဇာတ်သိမ်းအားလုံး အားနည်းခဲ့၍ တစ်ဦးတည်း ပခုံးထမ်းတင်မှုအပေါ် မိုက်ရူးရဲဆန်သည်ဟု ပရိသတ်က မှတ်ချက်ပေးထားသည်။

အာလီယားသည် ကရန်းဂျိုဟာနှင့် လက်တွဲလိုက်၍ ရန်ဘီးကပူးလ်နှင့်ရိုက်မည့် Ramayan ရုပ်ရှင်အဆို လက်လွှတ်ခဲ့ရသဖြင့် ရွေးချယ်မှုမှားယွင်းပြီး မတန်သော ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ဟု မှတ်ချက်ပေး ဝေဖန်ထားကြသည်။

**SKY**



# စပေါ့ဟု အမည်ရသော ခွေးစက်ရုပ်တစ်ရုပ် ထရမ့်၏အိမ်၌ ကင်းလှည့်စောင့်ကြပ်လျက်ရှိ



**ဝါရှင်တန် နိုဝင်ဘာ ၁၇**

စပေါ့ဟု အမည်ရသော ခွေးစက်ရုပ်တစ်ရုပ် အမေရိကန် ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် အုန်းပင်ဆိပ်ကမ်းရှိ ဒေါ်နယ်လ်ထရမ့်၏ မာရာလာဂိုအိမ်၌ ကင်းလှည့်စောင့်ကြပ်လျက်ရှိကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထိုခွေးစက်ရုပ် ကင်းလှည့်စောင့်ကြပ်နေသော လှုပ်ရှားမှုကို မကြာသေးမီက အင်တာနက် လူမှုကွန်ရက်တွင် လွှင့်တင်လိုက်ရာမှ ပြည်တွင်း၊ ပြည်ပ ပရိသတ်များစွာ စိတ်ဝင်စားနေကြသည်။

အမေရိကန်လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့က သမ္မတရွေးကောက်ပွဲ နိုင်ထားသော ဒေါ်နယ်လ်ထရမ့်ကို လုံခြုံရေးပေးရာတွင် ယင်းခွေးစက်ရုပ်ကို ထည့်သွင်းအသုံးပြုထားခြင်းဖြစ်ကြောင်း ထိုအဖွဲ့၏ ဆက်ဆံရေးဌာနအကြီးအကဲဖြစ်သူ အန်သိုနီ ဂွီလီယယ်လ်မီက ရှင်းလင်းပြောပြသည်။

အမေရိကန်အခြေစိုက် ဘော့စတွန်ဒိုင်နေးမစ်ကုမ္ပဏီက ထုတ်လုပ်သော အဆိုပါ ခွေးစက်ရုပ်တွင် ပစ်ခတ်တိုက်ခိုက်ရန် လက်နက်မပါဘဲ လုံခြုံရေးကင်မရာသာ တပ်ဆင်ထားသည်။

မာရာလာဂိုအိမ်၏ ခြံဝင်းအတွင်း စပေါ့ခွေးစက်ရုပ် စဉ်ဆက်မပြတ် လှည့်ပတ်သွားလာကင်းလှည့်သောနေရာအားလုံးရှိ လုံခြုံရေးအခြေအနေကို ထောက်လှမ်းရေးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ မြင်တွေ့နိုင်အောင် စီစဉ်ထားကြောင်း သိရသည်။

Mon



# ဗင်နီဇွဲလားနိုင်ငံရှိ အကျဉ်းထောင်လေးခုမှ အကျဉ်းသား ၁၀၇ ဦးကို လွှတ်ပေးလိုက်ပြီ

**ကရာကတ်စ် နိုဝင်ဘာ ၁၇**

ဗင်နီဇွဲလားနိုင်ငံရှိ အကျဉ်းထောင်လေးခုမှ အကျဉ်းသား ၁၀၇ ဦးကို လွှတ်ပေးလိုက်ပြီဖြစ်သည်ဟု ဗင်နီဇွဲလားအစိုးရက နိုဝင်ဘာ ၁၆ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွှတ်မြောက်လာသူများမှာ လွန်ခဲ့သော ဇူလိုင်လက ကျင်းပပြီးစီးခဲ့သည့် သမ္မတရွေးကောက်ပွဲတွင် အတိုက်အခံနိုင်ငံရေးအင်အားစုများဘက်မှ ပါဝင်ပြီး ကန့်ကွက်ဆန္ဒပြခဲ့သူများ ဖြစ်သည်။

ရွေးကောက်ပွဲ ထပ်မံအနိုင်ရခဲ့သည်ဟု တရားဝင်ကြေညာပြီးဖြစ်သော အသက် ၆၁ နှစ်အရွယ် သမ္မတ နီကိုလပ်စ်မာဒူရို၏ နောက် ၆ နှစ်သက်တမ်း မစတင်မီ ထိုအကျဉ်းသားများကို လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

Mon




# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင် ပီရူးနိုင်ငံ လီမာမြို့တော်၌ သီးခြားတွေ့ဆုံဆွေးနွေး

**လီမာ နိုဝင်ဘာ ၁၇**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့နှစ်ဦး ပီရူးနိုင်ငံ လီမာမြို့တော်၌ နိုဝင်ဘာ ၁၆ ရက်က သီးခြားတွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ခေါင်းဆောင်နှစ်ဦးသည် အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ နှစ်ပတ်လည်ထိပ်သီးညီလာခံတက်ရောက်ရန် ပီရူးနိုင်ငံသို့ ရောက်ရှိနေခြင်း ဖြစ်သည်။

ထိုသို့ ရောက်ရှိစဉ် နှစ်ဦးသဘောတူ သီးခြားတွေ့ဆုံကာ အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်သည်။

နှစ်နိုင်ငံဆက်ဆံရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ကွဲပြားမှုစီမံဆောင်ရွက်ရေး ကောင်းမွန်စေရန်အတွက် တရုတ်နိုင်ငံအနေဖြင့် အမေရိကန်အစိုးရသစ်နှင့် လက်တွဲလုပ်ဆောင်ရန် အသင့်ရှိသည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်က ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

Mon



မန်ယီမုန်တိုင်း ဖြတ်သန်းတိုက်ခတ်သွားသဖြင့် ဖိလစ်ပိုင်နိုင်ငံ အော်ရိုရာမြောက်ပိုင်းဒေသရှိ လူနေအိမ်များ ပျက်စီးကျန်ရစ်ခဲ့ပုံကို နိုဝင်ဘာ ၁၇ ရက်က တွေ့ရစဉ်။

Mon



# အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂျန်ဆီမြို့ရှိ ဆေးရုံတစ်ရုံ၌ မီးလောင်မှု ဖြစ်ပွား၊ မွေးကင်းစကလေး ၁၀ ဦး သေဆုံး

**ဒေလီ နိုဝင်ဘာ ၁၇**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဂျန်ဆီမြို့ရှိ ဆေးရုံတစ်ရုံ၌ နိုဝင်ဘာ ၁၆ ရက်က မီးလောင်မှုဖြစ်ပွားရာ မွေးကင်းစကလေး ၁၀ ဦး သေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဒေလီမြို့တော် တောင်ဘက်မိုင် ၂၈၀ ခန့်အကွာ ဂျန်ဆီမြို့ရှိ မဟာရာနီလပ်ချ်မီးဘိုင် ဆေးကောလိပ်၌ ဖွင့်လှစ်ထားသော ဆေးရုံသားဖွားခန်းတွင် မီးလောင်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ်စဉ်က မွေးကင်းစကလေးစုစုပေါင်း ၄၉ ဦး အဆိုပါ သားဖွားခန်းတွင် ရှိနေခဲ့ရာ မီးသတ်တပ်ဖွဲ့ဝင်များက ကလေး ၃၈ ဦးကို ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

Mon



# ၂၀၃၀ ပြည့်နှစ် အေပက်အဖွဲ့ ထိပ်သီးညီလာခံကို စင်ကာပူနိုင်ငံတွင် လက်ခံကျင်းပမည်ဟု ဆို

**စင်ကာပူ နိုဝင်ဘာ ၁၇**

၂၀၃၀ ပြည့်နှစ် အေပက်အဖွဲ့ထိပ်သီးညီလာခံကို စင်ကာပူနိုင်ငံတွင် လက်ခံကျင်းပမည်ဟု စင်ကာပူဝန်ကြီးချုပ် စတီဗင်ဝေါင်းက နိုဝင်ဘာ ၁၆ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပီရူးနိုင်ငံ လီမာမြို့တော်တွင် လက်ခံကျင်းပသော အဆိုပါအဖွဲ့၏ထိပ်သီးညီလာခံ၌ ဝန်ကြီးချုပ် စတီဗင်ဝေါင်းက သတင်းထောက်များကို ထိုသို့ ထုတ်ဖော်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအတွက်သာမက ကုန်စည်ပို့ဆောင်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေးစသောကဏ္ဍများအတွက်လည်း အရေးပါသော အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွင် နည်းလမ်းမျိုးစုံဖြင့် မိမိတို့ ဆက်လက်ပါဝင်ဆောင်ရွက်သွားမည်ဟု ၎င်းက ရှင်းလင်းပြောကြားသည်။

စင်ကာပူနိုင်ငံသည် အေပက်ဟုအတိုကောက်ခေါ်ဝေါ်သော အာရှပစိဖိတ်စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးညီလာခံကို ၂၀၀၉ ခုနှစ်က လက်ခံကျင်းပခဲ့ဖူးကြောင်း သိရသည်။

Mon




STOP AIDS

# တရုတ်နိုင်ငံအရှေ့ပိုင်း၌ ဓားထိုးတိုက်ခိုက်မှုဖြစ်ပွား လူ ၈ ဦးသေဆုံး၊ ၁၇ ဦး ဒဏ်ရာရ သံသယရှိသူဖမ်းမိ

**ပေကျင်း နိုဝင်ဘာ ၁၇**

တရုတ်နိုင်ငံအရှေ့ပိုင်း ဝူရှီမြို့ရှိ သက်မွေးပညာနှင့် နည်းပညာကောလိပ်၌ ယမန်နေ့က ဓားထိုးတိုက်ခိုက်မှုဖြစ်ပွားရာ လူ ၈ ဦးသေဆုံးကာ ၁၇ ဦး ဒဏ်ရာရခဲ့ပြီး အသက် ၂၁ နှစ်အရွယ် သံသယရှိသူ ဖမ်းဆီးရမိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရှန်ဟိုင်းမြို့၏ အနောက်ဖက် ကီလိုမီတာ ၁၅၀ ခန့်ကွာဝေးသော ဝူရှီမြို့တွင်ရှိသော ထိုကောလိပ်သည် နာမည်ကျော်ကြားပြီး ပြည်ပနိုင်ငံ အသီးသီးမှ ကျောင်းသူ၊ ကျောင်းသားပေါင်း ၁၂,၀၀၀ ခန့် တက်ရောက်ကာ ပန်းချီ၊ ဒီဇိုင်း၊ ကြွေထည်၊ မြေထည်၊ ဖက်ရှင်ပညာရပ်များကို ဆည်းပူးလေ့လာနေကြသည်။

ဓားထိုးတိုက်ခိုက်မှုတွင် အဓိက သံသယရှိသူသည် ယင်းကောလိပ်မှ ကျောင်းသားဟောင်းတစ်ဦးဖြစ်ပြီး စာမေးပွဲကျသဖြင့် ဒီပလိုမာဘွဲ့လက်မှတ်မရသည်ကို မကျေမနပ်ဖြစ်ကာ ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အခင်းဖြစ်ပွားသော နေရာတွင်ပင် ရဲတပ်ဖွဲ့ဝင်များက ၎င်းကို ဖမ်းဆီးပြီးနောက် ဒဏ်ရာရသူများကို သက်ဆိုင်ရာက ဆေးရုံပို့ကာ အရေးပေါ်ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

Mon





## မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**နတ်မောက် နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၌ မြို့နယ်သစ်တောဦးစီးဌာန၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

အဆိုပါ အသိပညာပေးအခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းက မီးခိုး၊ မြူငွေ့လျှော့ချစေရန်နှင့် သဘာဝဘေးအန္တရာယ်များ မဖြစ်ပေါ်စေရန်အတွက် လူငယ်တွေအနေနဲ့ မိမိတို့ ပတ်ဝန်းကျင်ရှိ သဘာဝဒီရေတောများနှင့် လူသားတို့စိုက်ပျိုးထားသည့် ပတ်ဝန်းကျင်ရှိ သစ်ပင်၊ပန်းပင်များကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ မီးခိုး၊ မြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုး၊ မြူငွေ့အမျိုးအစားများ၊ မီးခိုး၊ မြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်သည့်နည်းလမ်းများ၊ ရာသီဥတုပြောင်းလဲလာခြင်း၊ ရာသီဥတုပြောင်းလဲလာခြင်းကြောင့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်လာခြင်း၊ ရာသီဥတု ပြောင်းလဲလာခြင်းကြောင့် သစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုခြင်း၊ ထိန်းသိမ်းခြင်းများကြောင့် ရာသီဥတုကောင်းမွန်လာခြင်းစသည့် အကြောင်းအရာများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းဆင့်ကျောင်းသား၊ ကျောင်းသူများက မိမိတို့သိလိုသည်များ မေးမြန်းမှုအား ပြန်လည်ဖြေကြားဆောင်ရွက်ခဲ့သည်။

ထို့နောက် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းက သစ်တောကြေးမုံစာအုပ် ၁၀ အုပ်အား မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်ထံ ပေးအပ်လှူဒါန်းသည်။ အခမ်းအနားသို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ အထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူများနှင့် ပြန်/ဆက်ဦးစီးဌာနရှိ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၄၆၅)

## လက်ထောက်မီးသတ်ဦးစီးမှူးများအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း သင်ကြားပို့ချ

**မန္တလေး နိုဝင်ဘာ ၁၇**

မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်သင်တန်း အမှတ်စဉ်(၂၂/၂၀၂၄) သင်တန်းဆင်းအရာရှိများအား မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁ လမ်းနှင့် ၂၉ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်း အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက စက်သုံးဆီအရောင်းဆိုင်များနှင့်ရေနံဓာတ်ငွေ့ရည်လုပ်ငန်းများလုပ်ကိုင်ရာတွင် မီးဘေးလုံခြုံရေးစံသတ်မှတ်ချက်များ၊ စားသောက်ဆိုင်များမီးဘေးလုံခြုံရေးစစ်ဆေး၍ ထောက်ခံချက်ထုတ်ပေးခြင်းဆိုင်ရာ ညွှန်ကြားချက်များ၊ မီးလောင်မှုအကြောင်းရင်းစုံစမ်းစစ်ဆေးခြင်းနှင့်မီးလောင်ဆုံးရှုံးမှုခန့်မှန်းတန်ဖိုးတွက်ချက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (၀၄၅)



## မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခြင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၉ လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြားရှိ EASTEN PALACE HOTEL တွင် နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဇော်မျိုးထက် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များသည် ဟိုတယ်အတွင်း တပ်ဆင်ထားရှိသည့် မီးဘေးလုံခြုံရေးစနစ်များအား အသင့်အနေအထားရှိ၊ မရှိ စစ်ဆေးခြင်း၊ ဝန်ထမ်းများအား မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်း၊ မီးဘေးလုံခြုံရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးသတ်ဆေးဘူး အသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်း လုပ်ကိုင်ဆောင်ရွက်ကြကြောင်း သိရသည်။



(ဝဲပုံ) (၀၇၀)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး။

## တရားမဝင် စက်သုံးဆီများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၇**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်စက်သုံးဆီ ဓာတ်ဆီ ၃၅ ပီပါ၊ ဒီဇယ်ဆီ၊ ဓာတ်ဆီ ပီပါ ၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*-*-*-*



## မော်တော်ယာဉ် မတော်တဆမှု ဖြစ်ပွား

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ ၆၂ လမ်းနှင့် ၃၇-အေလမ်းထောင့်တွင် နိုဝင်ဘာ ၁၆ရက် နံနက် ၂ နာရီခွဲခန့်က မော်တော်ယာဉ် မတော်တဆမှု ဖြစ်ပွားခဲ့သည်။



ဖြစ်စဉ်မှာ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြရွှေပြည်ကားကြီးကွင်းနေ မောင်ပြည့်ဖြိုးအောင် ဆိုသူမောင်းနှင်ပြီး မောင်ရဲထက်အောင်၊ မနှင်းယမုံဦး၊ မဇင်ရွှန်းလဲ့နှင့် မမင်းမင်းသန့်ဆိုသူတို့ လိုက်ပါလာသော MDY/2O ××××× Toyota Kluger မော်တော်ယာဉ်သည် မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲဖြစ်ကာ လမ်းယာဘက်ဘေးရှိ ပလက်ဖောင်းအား ကျော်တက်ပြီး Mytel ရုံးချုပ်၌ လုံခြုံရေးဆောင်ရွက်နေသူများအား ဝင်တိုက်မိခဲ့သည်။

ထိုသို့တိုက်မိရာမှ ယာဉ်မောင်း မောင်ပြည့်ဖြိုးအောင်တွင် ဝဲဘက်၊ လက်ဖမိုးစုတ်ပြဲဒဏ်ရာမစိုးရိမ်ရ၊ မောင်ရဲထက်အောင်တွင် ဝဲဘက်လက်မောင်းပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ)၊ မနှင်းယမုံဦးတွင် ဝဲဘက်၊ မျက်ခုံးစုတ်ပြဲဒဏ်ရာ၊ ကျောဘက်နာကျင်ဒဏ်ရာ(မစိုးရိမ်ရ)၊ မဇင်ရွှန်းလဲ့တွင် ဝဲဘက်၊ ယာဘက်ပေါင်နာကျင်ဒဏ်ရာ(မစိုးရိမ်ရ)၊ မမင်းမင်းသန့်တွင် ဝဲဘက်၊ ယာဘက် ဒူးပွန်းပဲ့ဒဏ်ရာ(မစိုးရိမ်ရ) နှင့် လုံခြုံရေးဆောင်ရွက်နေသူနှစ်ဦးမှာ ယာဘက်ဒူးပွန်းပဲ့ဒဏ်ရာ၊ မေးစေ့ပေါက်ပြဲဒဏ်ရာ(မစိုးရိမ်ရ)များ အသီးသီး ရရှိခဲ့ကြသည်။

အဆိုပါ အခင်းဖြစ်နေရာသို့ အမှတ်(၉)မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းတို့သည် သွားရောက်ကူညီဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ဒဏ်ရာရရှိသူများအား မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးသို့ ပို့ဆောင်ကာ ယာဉ်မဆင်မခြင်မောင်းနှင်သူ ပြည့်ဖြိုးအောင် (၁၉)နှစ်အား ဥပဒေနှင့်အညီ အရေးယူရန် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၅၇)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဌာနချုပ်ရုံး (နေပြည်တော်)
   (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁
( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
   (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂
( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
   (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇
(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
   (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈
( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
   (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉
( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
   (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀
(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
   (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
   (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS)၀၉- ၂၅၅၀၀၂၅၁၁
(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
   (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂
(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
   (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃
(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
   (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄
(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
   (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅
(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
   (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
   (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-
(က) သာသနာ့ဝန်ထမ်းများ။
( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ
(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-
(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
( ခ ) နိုင်ငံ့ဝန်ထမ်းများ။
( ဂ ) ပညာသင်ကြားနေသူများ။
(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ
(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။
( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။






## ဘောလုံးသတင်း အတိုအထွာများ

*  ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲစဉ်)အဖြစ် ယနေ့ နံနက်ပိုင်းက ဥရုဂွေးအသင်းနှင့် ကိုလံဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဥရုဂွေးအသင်းက ကိုလံဘီယာ အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

*  ၂၀၂၄ ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ ဂိုးအများဆုံး သွင်းယူထားသူများစာရင်းတွင် ဆွီဒင်တိုက်စစ်မှူး ယိုကာရက်စ်၊ ဆလိုဗေးနီးယားတိုက်စစ်မှူး ဆက်ကို၊ ပေါ်တူဂီ လက်ရွေးစင်တိုက်စစ်မှူး စီရော်နယ်လ်ဒိုတို့က ၅ဂိုးစီဖြင့် ထိပ်ဆုံးနေရာတွင် ရပ်တည်ခဲ့သည်။ (NGB)



## နယ်သာလန်အသင်းက ဟန်ဂေရီအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် နိုဝင်ဘာ ၁၇**

ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နယ်သာလန်အသင်းနှင့် ဟန်ဂေရီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်အသင်းက ဟန်ဂေရီအသင်းအား လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နယ်သာလန်အသင်းအတွက် အဖိုးတန် သွင်းဂိုးလေးဂိုးကို ပွဲချိန် ၂၁မိနစ်တွင် ဝပ်ဟော့စ်၊ ပွဲချိန် (၄၅+၁၂)မိနစ်တွင် ဂက်ပို၊ ပွဲချိန် ၆၄မိနစ်တွင် ဒမ်းဖရိုင်း၊ ပွဲချိန် ၈၆မိနစ်တွင် ကိုပီမီနာတို့က အသီးသီးသွင်းယူပေးခဲ့သည်။

နယ်သာလန်အသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့်ပွဲစဉ်အဖြစ်လာမည့် နိုဝင်ဘာ ၂၀ ရက်တွင် ဘော့စနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရဦးမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## စိတ်အားထက်သန်နေသမျှ ဘောလုံးကစားနေဦးမည်ဟု စီရော်နယ်လ်ဒို ပြောကြား

**လန်ဒန် နိုဝင်ဘာ ၁၇**

ပေါ်တူဂီလက်ရွေးစင်အသင်းနှင့် အယ်လ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်လ်ဒိုက မိမိအနေဖြင့် စိတ်အားထက်သန်နေသမျှ ဘောလုံးဆက်ကစားနေဦးမည်ဖြစ်ကြောင်းထုတ်ဖော် ပြောကြားခဲ့သည်။ (အပေါ်ဝဲပုံ)

အသက်(၃၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အသက်အရွယ်ပိုင်းရရှိပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင် ကလပ်အသင်းဖြစ်သည့် အယ်လ်နာဆာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၅ ပွဲကစားပြီး ၇၄ဂိုး သွင်းယူကာ ခြေစွမ်းပြထားသလို၊ လက်ရွေးစင်အသင်းဖြစ်သည့် ပေါ်တူဂီ လက်ရွေးစင်အသင်းနှင့်လည်း ပြိုင်ပွဲပေါင်း ၂၁၇ပွဲကစားကာ ၁၃၅ဂိုးထိ သွင်းယူထားသည်။

ထို့ပြင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ပေါ်တူဂီလက်ရွေးစင်အသင်းအားလည်း ယူအီးအက်ဖ်အေနေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ နောက်တစ်ဆင့် တက်ရောက်နိုင်အောင် စွမ်းဆောင်ပေးထားနိုင်ခဲ့သည်။

စီရော်နယ်လ်ဒိုက "ကျွန်တော် စိတ်အားထက်သန်နေသမျှ ဘောလုံးဆက်ကစားနေဦးမှာပါ။ စိတ်အားမထက်သန်တော့မှသာ အနားယူဖို့ ဆုံးဖြတ်သွားမှာပါ။ ကျွန်တော် ဘောလုံးကို ချစ်မြတ်နိုးပါတယ်။ ကစားသမားဘဝမှ အနားမယူခင်အချိန်ထိတော့ စံချိန်ကောင်းတွေ ရယူသွားလိုပါတယ်သေးတယ်"ဟု ပြောသည်။ (NGB)

## ဟယ်ရီအာမက်စ်အား ခေါ်ယူရန် အက်စတွန်ဗီလာအသင်း စိစဉ်

**လန်ဒန် နိုဝင်ဘာ ၁၇**

အက်စတွန်ဗီလာအသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း လူငယ် နောက်ခံကစားသမား ဟယ်ရီအာမက်စ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လက်ရှိအချိန် မန်ချက်စတာယူနိုက်တက် ယူ-၂၁အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်စတွန်ဗီလာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းကလည်း ဟယ်ရီအာမက်စ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ကြေးနှုန်းရရှိပါက ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် အက်စတွန်ဗီလာအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းထံမှ ဟယ်ရီအာမက်စ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ) (NGB)



## ရာဖင်ဟာအား ယူရို သန်း ၉၀ ဖြင့် ခေါ်ယူရန် အာဆင်နယ်အသင်း စီစဉ်



**လန်ဒန် နိုဝင်ဘာ ၁၇**

အာဆင်နယ်အသင်းသည် ဘာစီလိုနာအသင်း တောင်ပံကစားသမား ရာဖင်ဟာအား ယူရို သန်း ၉၀ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၄ပွဲကစားပြီး ၃၂ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား ရာဖင်ဟာကလည်း ဘာစီလိုနာအသင်းနှင့် စာချုပ်ကိစ္စအဆင်မပြေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိသည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘာစီလိုနာအသင်းထံမှ ရာဖင်ဟာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ (အပေါ်ဝဲပုံ) (NGB)

## 2024 Nitto ATP Finals ဗိုလ်လုပွဲအဆင့်သို့ Taylor Fritz တက်ရောက်

**တူရင် နိုဝင်ဘာ ၁၇**

အီတလီနိုင်ငံ၊ တူရင်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Nitto Atp finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အမေရိကန်တင်းနစ်ကစား သမား Taylor Fritz တက်ရောက်ခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Taylor Fritz သည် 2024 Nitto Atp finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev အား ၆-၃၊ ၃-၆၊ ၇-၆ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2024 Nitto Atp finals တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz နှင့် အီတလီတင်းနစ်ကစားသမား Jannik Sinner တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အိုင်လီယာဇာဘာနီအား စတာလင်ပေါင် သန်း ၅၀ ရရှိပါက ဘုန်းမောက်အသင်းရောင်းချသွားမည်

**လန်ဒန် နိုဝင်ဘာ ၁၇**

ဘုန်းမောက်အသင်းသည် အသင်း နောက်ခံကစားသမား အိုင်လီယာဇာဘာနီ၏ ပြောင်းရွှေ့ကြေးအား စတာလင်ပေါင် သန်း ၅၀ ရရှိပါက ရောင်းချသွားမည် ဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် စပါးအသင်းနှင့် ချဲလ်ဆီး အသင်းတို့က ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား အိုင်လီယာဇာဘာနီသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၇ပွဲကစား



ပြီး ၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘုန်းမောက်အသင်းကလည်း အိုင်လီယာဇာဘာနီအတွက် ၄င်းတို့သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် စပါးအသင်းနှင့် ချဲလ်ဆီးအသင်းတို့အနေဖြင့် ဘုန်းမောက်အသင်းသတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း အိုင်လီယာဇာဘာနီအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

### ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်) ပွဲစဉ်-(၆) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | လိဂ် | အုပ်စု | ပွဲစဉ် | ပထမအကျော့ရလဒ် |
|---|---|---|---|---|---|
| ၁၉-၁၁-၂၀၂၄ အင်္ဂါနေ့ | နံနက်၀၂:၁၅နာရီ | A | ၁ | ခရိုအေးရှား - ပေါ်တူဂီ | ပေါ်တူဂီ ၂-၁ ခရိုအေးရှား |
| ॥ | ॥ | A | ၁ | ပိုလန် - စကော့တလန် | စကော့တလန် ၂-၃ ပိုလန် |
| ॥ | ॥ | D | ၁ | လက်ချီစတိန်း - ဆမ်မာရီနို | ဆမ်မာရီနို ၁-၀ လက်ချီစတိန်း |
| ॥ | ॥ | A | ၄ | ဆားဘီးယား - ဒိန်းမတ် | ဒိန်းမတ် ၂-၀ ဆားဘီးယား |
| ॥ | ॥ | A | ၄ | စပိန် - ဆွစ်ဇာလန် | ဆွစ်ဇာလန် ၁-၄ စပိန် |
| ॥ | ॥ | C | ၂ | ရိုမေးနီးယား - ဆိုက်ပရပ်စ် | ဆိုက်ပရပ်စ် ၀-၃ ရိုမေးနီးယား |
| ॥ | ॥ | C | ၂ | ကိုဆိုဗို - လစ်သူယေးနီးယား | လစ်သူယေးနီးယား ၁-၂ ကိုဆိုဗို |
| ॥ | ॥ | C | ၃ | ဘူလ်ဂေးရီးယား - ဘီလာရုစ် | ဘီလာရုစ် ၀-၀ ဘူလ်ဂေးရီးယား |
| ॥ | ॥ | C | ၃ | လူဇင်ဘတ် - မြောက်အိုင်ယာလန် | မြောက်အိုင်ယာလန် ၂-၀ လူဇင်ဘတ် |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၈-၁၁-၂၀၂၄ တနင်္လာနေ့ | ညနေ၆း၃၀နာရီ | စင်ကာပူ - တရုတ်တိုင်ပေ |

# တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်နေ့တွင် ကျောင်းကန်ဘုရားများ၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများနှင့် ဆီမီးထွန်းညှိပူဇော်သူများဖြင့် စည်ကားလျက်ရှိ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၁၇**

တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးဆိုင်ရာ နေ့ထူးနေ့မြတ်များအနက် တစ်နေ့ဖြစ်ပြီး ကထိန်သင်္ကန်းကပ်လှူခွင့်ရသည့် နောက်ဆုံးနေ့အဖြစ်သတ်မှတ်၍ ကျောင်းကန်ဘုရားများတွင် ကထိန်သင်္ကန်းဆက်ကပ် လှူဒါန်းပွဲများ၊ အလှူဒါနပြုလုပ်ကြသူများ၊ မြန်မာ့ရိုးရာအစဉ်အလာအရ သက်ကြီးပူဇော်ပွဲများ၊ တန်ဆောင်တိုင် ဆီမီးပူဇော်ရန် ပြင်ဆင်ကြသူများဖြင့် မြို့ပေါ်နှင့် ကျေးရွာအသီးသီးရှိ ဘုရား၊ ကျောင်းကန်များတွင် စည်ကားလျက်ရှိသည်။

တန်ဆောင်မုန်းလပြည့်နေ့သည် မြတ်စွာဘုရားရှင်မှ သာမညဖလသုတ်တော်(ခေါ်)ရဟန်းပြုရခြင်း၏ အကျိုးပြတရားတော်ကို ဟောကြားတော်မူသည့် အခါတော်နေ့ဖြစ်သည့်နည်းတူ မြတ်စွာဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်ခြင်းကို သီတင်းကျွတ်လပြည့်နေ့ကဲ့သို့ပင် မြို့ရွာအနှံ့စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည့်အပြင် ဝါတွင်းကာလ ကျောင်းတိုက် အသီးသီးတွင် ပုရိမဝါမှ ထမြောက်တော်မူကြသည့် ရဟန်းသံဃာအပေါင်းတို့ ဝါပကာလ ကျောင်းတိုက်မှ လွတ်လပ်စွာ သွားလာနိုင်စေရန်အတွက် ကထိန်လျာသင်္ကန်းကို ဆက်ကပ်လှူဒါန်းကြခြင်းဖြစ်ရာ ကထိန်ရာသီ၏ နောက်ဆုံးနေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့တွင် မိသားစုအလိုက်သော်လည်းကောင်း၊ အစုအဖွဲ့အလိုက်သော်လည်းကောင်း၊ ရုံးဌာနများအလိုက်သော်လည်းကောင်း ခင်းကျင်းကုသိုလ်ပြုကြခြင်းဖြင့် ဘုန်းတော်ကြီးကျောင်းများတွင် စည်ကားလျက်ရှိကြသည်။

ထို့အပြင် မြတ်စွာဘုရားရှင်အား ဆီမီးကပ်လှူပူဇော်သည့်အနေဖြင့် ဘုရားစေတီရင်ပြင်များတွင် ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြရန်အတွက် လူငယ်များက အစုအဖွဲ့အလိုက် ပြင်ဆင်ခြင်း၊ စတုဒိသာကျွေးမွေးရန် ပြင်ဆင်ခြင်းဖြင့် ဘုရားစေတီများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် မြန်မာ့ရိုးရာအစဉ်အလာတစ်ခုဖြစ်သည့် အမိ၊ အဘနှင့် သက်ကြီးအဘိုး၊ အဘွားများအား ပူဇော်ကန်တော့သည့် ဓလေ့အရ သက်ကြီးပူဇော်ပွဲများ၊ ကျွေးမွေးဧည့်ခံပွဲများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၄၅၆)





## ဗုဒ္ဓပူဇနီယဘုရားပွဲတော် သံဃာ့ဒါနဆွမ်းလောင်းလှူပွဲ ကျင်းပ

**ရေနံချောင်း နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ လှည်းတန်းရပ်ရှိ မဟာသကျမာရဇိန်စေတီတော် ဗုဒ္ဓပူဇနီယဘုရားပွဲတော်နှင့် မဟာသံဃာ့ဒါနဆွမ်းလောင်းလှူပွဲကို တန်ဆောင်မုန်းလဆန်း ၁၀ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကျင်းပသည်။

အဆိုပါ ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၀ ရက်တွင် မြို့ပေါ်ရှိ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းနှင့် ဆွမ်းဟင်းများဖြင့် မဟာသံဃာ့ဒါနဆွမ်းလောင်းလှူပွဲကိုလည်းကောင်း၊ တန်ဆောင်မုန်းလဆန်း ၁၃ရက်နှင့် ၁၄ရက်တို့တွင် စေတီတော်အား ကန်တော့ပွဲနှင့် မုန့်များ ဆက်ကပ်ခြင်း၊ အာရုံပေါင်းခြင်း၊ အာရုံပြန်ခြင်းနှင့် ဘုရားဖူးများအား ကြာဆံချက်၊ မုန့်ဟင်းခါးတို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။

ထို့နောက် တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၈ နာရီ၌ ပင့်သံဃာတော်များအား ငွေပဒေသာပင်များ ဆက်ကပ်ပြီး လှူဒါန်းမှုများကို ဆောင်ရွက်ခဲ့ပြီး ညပိုင်း၌ ဘုရားအား ရောင်စုံလျှပ်စစ်မီးများဖြင့် ပူဇော်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၇၂)

သန့်ရှင်းသာယာ
မန္တလာ
ဝိုင်းဝန်းထိန်းသိမ်းပါ ။

## မိုင်းယောင်းမြို့၌ သန့်ရှင်းရေးဆောင်ရွက်

**မိုင်းယောင်း နိုဝင်ဘာ ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်တွင် အပတ်စဉ် စနေနေ့ စုပေါင်းသန့်ရှင်းရေးကို နိုဝင်ဘာ ၁၆ ရက် နံနက် ၇ နာရီက မြို့ဦးစေတီ၌ တပ်မတော်သား၊ ရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများက စုပေါင်းဆောင်ရွက်သည်။



အဆိုပါ ဆောင်ရွက်နေမှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ) နန်းပန်(ပြန်/ဆက်)

## VDP စီမံကိန်းဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ခွင့်ပြုရန်ပုံငွေနှင့် ကျေးရွာနေပြည်သူလူထု ထည့်ဝင်ငွေတို့ဖြင့် ငါန်းကျကျေးရွာ၌ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ငါန်းကျကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်၊ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ် တပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ငါန်းကျကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ အရှည် ပေ ၁၈၀၀ အတိုင်းအတာရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးလက်နေပြည်သူလူထုထည့်ဝင်ငွေကျပ် ခုနစ်သိန်း၊ စုစုပေါင်း ၁၅၇ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည့်အတွက် ငါန်းကျကျေးရွာရှိ အိမ်ခြေ ၅၅ အိမ်၊ လူဦးရေ ၁၈၉ ဦးတို့၏ လူနေမှုအဆင့်အတန်း မြင့်မားလာမည့်အပြင် ကျေးရွာရှိ ကျွဲ၊ နွားတိရစ္ဆာန်များနှင့် ကျေးရွာသူ၊ ကျေးရွာသားတို့အတွက် ရာသီအချိန်အခါမရွေး အိမ်တိုင်ရာရောက် သန့်ရှင်းသော သောက်သုံးရေကို အလွယ်တကူရရှိမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

(အောက်ပုံ) နွဲ့ယဉ်



## တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ရှင်းလင်းပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၇**

တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များ ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မဟာအောင်မြေခရိုင် ဦးစီးမှူးရုံးတွင် ကျင်းပသည်။



ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဒေါက်တာ မောင်မောင်စိုးက အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ ကြူကြူအေးက တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ညွှန်ကြားချက်အမှတ်(၅/၂၀၂၄)တို့ကို ရှင်းလင်းပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် တိရစ္ဆာန်ဆေးရုံ၊ ဆေးကုခန်းများ မှတ်ပုံတင်ရန် လျှောက်လွှာနှင့် ညွှန်ကြားချက်များကို ဖြန့်ဝေပေးပြီး တက်ရောက်လာကြသူများက သိလိုသည်များကိုမေးမြန်းရာ ဒုတိယတိုင်းဦးစီးမှူးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

တိရစ္ဆာန်ဆေးရုံ၊ ဆေးကုခန်းများ လုပ်ကိုင်ခွင့် ခွင့်ပြုလက်မှတ်လျှောက်ထားခြင်းကို နိုဝင်ဘာ ၂၁ ရက်တွင် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံက သိရသည်။ (မန္တလေးနေ့စဉ်-၃)



## ပုဂံမြို့ရှိ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပုဂံ နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်တွင် တည်ထားကိုးကွယ်တော်မူထားသည့် မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာ ၂၈ ရက်တွင် အဆိုပါ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။

မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ယခင်နှစ်များအတိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက် ည ၇ နာရီတွင် ပုဂံမြို့ရှိ စေတနာအလှူရှင်များနှင့်ရပ်ကွက်နေ ပြည်သူများက မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီးအား ဦးခိုက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ခြင်း၊ မြင်းကပါကျေးရွာမှ ဝတ်ရွတ်အသင်းက ပရိတ်ပဋ္ဌာန်းများ ရွတ်ဖတ်ပူဇော်ခြင်း၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် နံနက် ၅ နာရီတွင် ပုဂံမြို့၊ ဓမ္မသီဂီဝတ်အသင်းမှ ပရိတ်၊ ပဋ္ဌာန်းများကို ဝတ်ရွတ်ပူဇော်ခြင်းများ ထည့်သွင်းကျင်းပဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပင့်သံဃာတော်များကို အရဏ်ဆွမ်းနှင့် အချိုပွဲများ ဆက်ကပ်လှူဒါန်းပြီး ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရ အမှူးပြုသော သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှအတန်းပေးဝေခြင်း၊ စေတနာအလှူရှင်များက သံဃာတော်များကို ဝတ္ထုငွေ၊ ဆွမ်း၊ ဆေးအစရှိသည့် ဆွမ်းသပိတ်လုံးများကို လောင်းလှူပူဇော်ကြမည် ဖြစ်သည်။ ယနေ့ နံနက်ပိုင်းက မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ်အဖြစ် ဘုရားအမှူးပြုသော သံဃာတော်များက အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ စတင်ကျင်းပပြီး အန္တရာယ်ကင်းပရိတ်၊ ပဋ္ဌာန်းတရားတော်များကို ရွတ်ဖတ်ပူဇော်လျက်ရှိကာ အဆိုပါမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းကို တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်မှ ၈ ရက်အထိ ကျင်းပသွားမည် ဖြစ်သည်။ (ဝဲပုံ)

ပုဂံမြို့၊ ရတနာဘုံစံတောရဓမ္မရိပ်သာကျောင်းတိုက်ရှိ မဟာဆန္ဒပြည့်အောင်တော်မူသိမ်ဘုရားကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော်(၇၊ ၈)ရက်တို့တွင် ဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း၊ ဝတ်ရွတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်ပူဇော်ခြင်း၊ စေတနာအလှူရှင်များနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများက ဆွမ်းသပိတ်လုံးများ လောင်းလှူပူဇော်ခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း ပုဂံမြို့၊ ရတနာဘုံစံ တောရဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တသာဂရက မိန့်ကြားခဲ့ကြောင်း သိရသည်။ (၄၄၅)

## တန်ဆောင်တိုင်ပွဲတော်တွင် ပဒေသာပင်များလှည့်လည်ခြင်း၊ စတုဒိသာကျွေးခြင်းများနှင့် ပြည်သူများ ပျော်ရွှင်စည်ကား

**ကျောက်ဆည် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ ကောဇာသက္ကရာဇ် ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ တန်ဆောင်တိုင်ပွဲတော်တွင် မြို့တွင်းလမ်းများတွင် အတီး၊ အမှုတ်အကအခုန်များဖြင့် ပဒေသာပင်များ လှည့်လည်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများတွင် ပဒေသာပင်များလှူဒါန်းခြင်း၊ သီလဆောက်တည်ခံယူခြင်း၊ စတုဒိသာကျွေးခြင်းများဖြင့် ပြည်သူများ ပျော်ရွှင်စည်ကားလျက်ရှိသည်။

နှစ်စဉ် ကျွန်တော်တို့ အနေးယာဉ်မောင်းတဲ့သူတွေ စုပြီး အဖွဲ့ဖွဲ့ကာ ကထိန်ပွဲတော်မှာ ပဒေသာပင်ပြုလုပ်ကာ ကုသိုလ်ယူနိုင်ဖို့ နေ့စဉ်တစ်ဦးကို ငွေငါးကျပ်ထည့်ဝင်စုပြီး ပဒေသာပင်ပြုလုပ်လှူဒါန်းခြင်းဖြစ်ကြောင်း ကျောက်ဆည်မြို့၊ မြို့မဈေးမှ အနေးယာဉ်အဖွဲ့ဝင်တစ်ဦးက ပြောသည်။ စတုဒိသာ ကုသိုလ်ပြုလုပ်တာကတော့ နှစ်စဉ်ပြုလုပ်ဖြစ်ကြောင်း ယခုနှစ်တွင် ဆန်သုံးတင်းချက်ကုလားပဲဟင်းချို၊ ပဲတီချဉ်သုတ်၊ ငရုတ်သီးကြော် စတုဒိသာကျွေးကုသိုလ်လုပ်ဖြစ်ကြောင်း အရွယ်သုံးပါး၊ လူမျိုးမရွေး၊ ဘာသာမရွေး လာရောက်သုံးဆောင်ကြလို့ ဝမ်းသာပီတိဖြစ်ကြောင်း၊ သစ်ကြီးတန်းရပ်ကွက်မှ ဦးမြင့်ခိုင်က ပြောသည်။ စတုဒိသာ ကုသိုလ်ပြုရာတွင် ရပ်ကွက်အတွင်းရှိ လူငယ်များ၊ လူမှုရေးအဖွဲ့ဝင်များမှ ဝိုင်း၍ကူညီဆောင်ရွက်ကြသည်။

ကျောက်ဆည်မြို့သူ၊ မြို့သား၊ နယ်သူ၊ နယ်သားများ အနေဖြင့် နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့တန်ဆောင်တိုင်ပွဲတော်တွင် ပဒေသာပင်များ ပြုလုပ်၍ မဲဖောက်ကာ ဘုန်းတော်ကြီးကျောင်းများ၌ လှူဒါန်းခြင်း၊ အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ နေ့ဆွမ်းဆက်ကပ်ခြင်းများ၊ ကထိန်သင်္ကန်းကပ်လှူခြင်းများ ပြုလုပ်လျက်ရှိကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာများတွင် မုန့်လုံးရေပေါ်၊ ထမင်း၊ သာဂူကျို၊ မုန့်ဟင်းခါး စသည့် စတုဒိသာကျွေးကုသိုလ်ပြုခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)

၀-၀-၀-၀-၀-၀



## မြန်မာနိုင်ငံထွက် နာနတ်သီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့် ပြုလာ



မြန်မာပြည်တွင် စိုက်ပျိုးထွက်ရှိသည့် နာနတ်သီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုလိုက်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ အသိပေးထုတ်ပြန်ထားသည်။

မကြာသေးမီက "မြန်မာနိုင်ငံမှ လတ်ဆတ်သော နာနတ်သီးတင်သွင်းမှုအတွက် ပိုးမွှားကင်းရှင်းကြောင်း (Phytosanitary) သတ်မှတ်ချက်များဆိုင်ရာ ကြေညာချက်" ကို တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့က ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက်အရ နိုဝင်ဘာ (၁၁) ရက်မှ စတင်၍ သက်ဆိုင်ရာ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် မြန်မာနိုင်ငံမှ လတ်ဆတ်သော နာနတ်သီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုသွားမည် ဖြစ်သည်။

ထို့ပြင် မြန်မာ့နာနတ် သီးများသည် အခြားနိုင်ငံမှ နာနတ်သီးများနှင့်မတူဘဲ တစ်မူထူးခြားသော သစ်သီးမွှေးရနံ့ရှိပြီး အသီးအရသာမှာလည်း ချိုချဉ်လတ်ဆတ်ပြီး အရည်ရွှမ်းသောကြောင့် စားသုံးသူများစွာကို အလွယ်တကူ ဆွဲဆောင်နိုင်ခဲ့ကြောင်း ထုတ်ပြန်ထားသည်။

မြန်မာ့နာနတ်သီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အများဆုံး စိုက်ပျိုးခြင်းဖြစ်ပြီး ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရန်အတွက် စီစဉ်လုပ်ဆောင်မှုများ ရှိနေကြောင်းလည်း မြန်မာနာနတ်သီး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ထို့ပြင် နာနတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်းရှိ မက်မွန်းမွန်းရွာ၊ တွံ့တီးရွာ၊ လွယ်ဆိုင်ရွာတို့တွင်လည်း စီးပွားဖြစ်စိုက်ပျိုးကြပြီး ဇူလိုင်မှ စက်တင်ဘာအထိ ထွက်ရှိကြောင်း သိရသည်။တရုတ်နိုင်ငံသို့ လက်ဆက်သီးနှံများ တင်ပို့ရာတွင် GACC အသိအမှတ်ပြုသီးနှံအဖြစ် ခွင့်ပြုချက်ရရှိပြီး သီးနှံများစာရင်းတွင် ယခုအခါ နာနက်သီးကို တင်ပို့ခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

၂၀၁၉ ခုနှစ်၊ ဇွန် ၂၀ ရက်က တရုတ်နိုင်ငံသို့ နာနတ်သီး တင်ပို့မှုကို ရပ်ဆိုင်းခဲ့ပြီးပြန်လည်တင်ပို့ခွင့်ရရှိရေး သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးက ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

သစ်ပင်စိုက်ပါ

တို့ကမ္ဘာ

သာယာလှပ

စိမ်းမြမြ ။

## ဆောင်းသီးနှံဆီထွက်နေကြာ စိုက်ပျိုး

**မကွေး နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံ ဆီထွက်သီးနှံနေကြာကို စိုက်ပျိုးလျက်ရှိကြောင်း တောင်သူများထံက သိရသည်။

ယခုနှစ် ဆောင်းသီးနှံနေကြာကို စားသုံးဆီ ဖူလုံစေရန်နှင့် တောင်သူများ ဝင်ငွေရရှိစေရန် သီးညှပ်အဖြစ် ထွန်တစ်ပြန်တန်းခြားစနစ်ဖြင့် လည်းကောင်း နေကြာကို သီးခြားစိုက်ပျိုးကြသည်။

ယခုနှစ် ဆောင်းသီးနှံနေကြာကို ၃၈၀၃ ဧကနှင့် ယခုနှစ် ဆောင်းသီးနှံ မြေပဲ ၁၇၇၂ ဧက၊ နှမ်း ၄၁၇ ဧကကို လျာထားပြီး စိုက်ပျိုးမည်ဖြစ်ကြောင်း အထက်ပါဌာနက သိရသည်။

(အောက်ပုံ)

(၄၇၂)



## ဝတ္ထုတိုကဏ္ဍ

# လိပ်

၊နန်းရွှေ၊



မနက်အိပ်ရာက မထချင်ပေမယ့် ဖုန်းခေါ်သံက ညံနေလို့ မနည်းအားယူထကာ ဖုန်းကိုကိုင်လိုက်ပြီး ဖုန်းခေါ်ဆိုသူရဲ့ နံပါတ်နဲ့ နာမည်ကြည့်လိုက်တော့ နည်းနည်းလန့်သွားတယ်၊ ဘာကြောင့်လဲဆိုတော့ ချွေးမဖြစ်သူရဲ့ ဖုန်းဖြစ်နေလို့ ဒါဆိုသေချာပြီ၊ လင်မယားရန်ဖြစ်ပြီ၊ ဖုန်းဆယ်ခါဆက်ရင် ကိုးခါက လင်မယားရန်ဖြစ်လို့ ဆက်တာ ကျုပ်ကလည်း မီးဖိုချောင်မှာ ထမင်းချက်နေတဲ့ အိမ်သူဇနီးဖြစ်သူ မမြကြည်ကို သွားပေးလိုက်တယ်။ 'ဒီမယ် မြကြည်ရေ နင့်ချွေးမက ဖုန်းဆက်နေတယ်၊ ကိုင်လိုက်ပါဦး၊ ဘာအကြောင်းရှိလို့ရယ်တော့မသိဘူး'

'ဘာအကြောင်းရှိရမှာလဲ လင်မယားစကားများရန်ဖြစ်တာနေမှာပေါ့၊ တော့်ကို ဆက်တာ တော်ပြောလိုက်ပေါ့'

'ငါမပြောချင်ပါဘူး မင်းတို့ မိန်းမချင်းပြောတာက ပိုအဆင်ပြေပါတယ်ကွာ'

'ကိုအုန်းလှိုင်ရယ် တော်က ထမင်းရည်ပူလာလို့ လျှာလွှဲလုပ်တယ်ဆိုတာ အနှစ်သုံးဆယ်ကျော် ပေါင်းလာတဲ့ ကျုပ်က မသိဘူးများ မှတ်နေသလား ပေးပါ ကိုင်လိုက်ပါ့မယ်'

'ဟယ်လိုအဖေ ..ဟင့် ဟင့် ရှုတ် ဟီး ဟီး ဟီး'

'အဖေမဟုတ်ဘူး အမေရယ်၊ ငိုကြီးချက်မနဲ့ ညည်းတို့လင်မယား ဘာဖြစ်ပြန်တာလဲ သမီး'

'ဟီး ဟီး ဟီး အမေ့သားကိုမောင်ရယ်လေ၊ သမီးကို နားရင်းရိုက်တယ်၊ သူတောင်းတဲ့ပိုက်ဆံ မပေးလို့တဲ့' ဒေါ်မြကြည်ကပြန်ပြီး 'သူက ဘာအတွက်တောင်းတာလဲ၊ အကြောင်းမဲ့သုံးဖို့၊ ဖြုန်းဖို့ တောင်းတာတော့ မဟုတ်လောက်ပါဘူး ဖြူနုရယ်'

'သူက ကားပြင်မယ်ဆိုပြီး ငါးသိန်းတောင်းတာ သမီးက ပိုက်ဆံသိပ်မရှိတော့ဘူး၊ သုံးသိန်းပဲယူသွားဆိုလို့ အဲဒါမပေးရကောင်းလားဆိုပြီး သမီးနားရင်းကို ပိတ်ရိုက်ပြီး၊ ရှိတဲ့ပိုက်ဆံတွေ အကုန်ယူသွားတာ၊ သမီးကတော့ သူ့ကိုမပေါင်းနိုင်တော့ဘူး။ သမီးကတော့ ဒီတစ်ခါအပြတ်ပဲ၊ ပြီးတော့ အမေ့သား နေ့တိုင်းအရက်သောက်တယ်။ သူနဲ့ပေါင်းတဲ့သူတွေကလည်း အရက်သမားတွေချည်းပဲ၊ အဲဒါ အမေတို့ကို ပြောပြတာ'

'ဟဲ့ ဖြူနု သားက ကားအရောင်းအဝယ်လုပ်နေတာဆိုတော့ နည်းနည်းပါးပါးအသောက်အစားတော့ရှိမှာပေါ့၊ ယောကျ်ားတွေဆိုတာ အသောက်အစားတော့ မကင်းပေဘူးပေါ့။ သူက ခဏတိုင်း စိတ်တိုတတ်တယ်ဆိုတာ ညည်းလည်း သိနေတာပဲအေ။ ညည်းတို့ပေါင်းသင်းလာကြတာ ငါ့မြေးမလေး ဝတ်ရည်ဖူးတောင် ငါးနှစ်ပြည့်လို့ မူကြိုတက်နေပြီ၊ အခုချိန်မှာ မဖြစ်နိုင်တာတွေ မပြောပါနဲ့၊ သားအိမ်လာရင်လည်း အသောက်စားလျှော့ဖို့ အမေပြောပါ့မယ်နော် ဒါပဲနော် ဖြူနု'

'ဟုတ်အမေ'

တစ်ဖက်ချွေးမဖြစ်သူ နည်းနည်းတော့ ကျေနပ်သွားဟန်တူပါတယ်။

'ရှေ့ တော့်ဖုန်း တကယ်တည်း ပြောမပြောချင်ဘူး ကိုယ့်လင်သားဖြစ်သူကငွေကို လိုအပ်လို့တောင်းတာ အသာတကြည် ထုတ်ပေးလိုက်ပေါ့ ပြဿနာဖြစ်အောင် သူကိုယ်ကလုပ်တာ လင်ကိုအုပ်စီးချင်တာလေ ခံပေါ့၊ ဒီကောင်မ ဒါမှ မှတ်မှာ'

ကျုပ်ကလည်း မနေသာတော့ဘဲ 'မြကြည်ရာ အဲလိုတော့ တစ်ဖက်သတ် မပြောနဲ့ကွာ သူကလည်း မကုန်သင့်တာ မကုန်အောင်လို့ စီးတဲ့ရေ ဆည်တဲ့ ကန်သင်းဆိုသလိုပေါ့၊ ချွေးမဖြစ်သူက ထိန်းထိန်းသိမ်းသိမ်း လုပ်တာနေမှာပါ။ သူများသားသမီးကို လက်ပါတာတော့ မကောင်းဘူးပေါ့ကွာ'

အသံခပ်မာမာနဲ့ ဦးအုန်းလှိုင်ကို 'တော်ကမိန်းမတွေအကြောင်း ဘယ်လောက်သိလို့လဲ ကိုအုန်းလှိုင်၊ မိန်းမတွေအကြောင်းမိန်းမချင်းက ပိုသိတယ်၊ တော့်ချွေးမက ကျုပ်သားကို အရာရာအုပ်စီးချင်နေတာ၊ တော်မသိဘူး မဟုတ်လား၊ အဲဒီတော့ တော်ဘာမှဝင်မပြောနဲ့ ဒါပဲ'

ကျုပ်လည်း ဘာမှမပြောတော့ဘဲ မျက်နှာသွားသစ်ပြီး အေးဆေးနေလိုက်တယ်၊ ဟုတ်တယ်လေ အသက်ခြောက်ဆယ်ကျော်တော့ အလုပ်ကမရှိ၊ အလုပ်မရှိတော့ ဝင်ငွေကမရှိ၊ ဝင်ငွေမရှိပေမယ့် မနက်ခင်း လက်ဖက်ရည်ဆိုင်ထိုင်တဲ့ အကျင့်က နှစ်ရှည်လများ ထိုင်ခဲ့တာဆိုတော့ မထိုင်ရမနေနိုင်၊ ဒီတော့ ဇနီးဖြစ်သူ မမြကြည်ထံ လက်ဖြန့်တောင်းရတော့တာပေါ့၊ သူက ဘဏ္ဍာထိန်းလေ။

သားနှစ်ယောက်၊ သမီးနှစ်ယောက်၊ ဝင်ငွေမှန်သမျှ သူကထိန်းထားတာလေ၊ အဲဒီတော့ ကျုပ်လည်း သူ့ကို အတိုက်ခံပြန်မပြောတော့ဘူးပေါ့၊ ပြောလိုက်ရင် ကျုပ်ရဲ့ဘတ်ဂျက်ထိခိုက်သွားမယ်လေ။ တစ်ချိန်ကတော့ အိမ်ထောင်ဦးစီး သားသုံးယောက်၊ သမီးသုံးယောက်၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားလုံးကျေပွန်စွာ လုပ်ကိုင်ကျွေးမွေးခဲ့ပြီး အခုအိုတော့ မစွမ်းတော့ဘူးပေါ့။

သားတွေ၊ သမီးတွေက တစ်လှည့်ပြန်ပြီး လုပ်ကိုင်ကျွေးနေတော့ ကျုပ်က အခုတော့ မှီခိုသူလေ၊ အကြီးဆုံးသမီး အင်ဂျင်နီယာနဲ့ အိမ်ထောင်ကျပြီး ပြည့်ပြည့်စုံစုံနဲ့ မြေးယောကျ်ားလေးတောင် ရှစ်နှစ်ရှိနေပြီ၊ ပုသိမ်ကြီးမြို့ထဲမှာပါ၊ တင့်တောင်းတင့်တယ်ပါပဲ၊ သားကြီးဖြစ်သူ အိမ်ထောင်ကျတာကတော့ သျှောင်နောက် ဆံထုံးပါမဟုတ်ဘဲ မိန်းကလေးဘက် လိုက်သွားတော့၊ ဆံထုံးနောက်သျှောင်ပါသွားတယ်ဆိုပါတော့၊ သူကလည်း သမီးတစ်ယောက် မြေးမလေးပါ၊ ပြောရရင်တော့ မြေးနှစ်ယောက်ရဲ့ အဘိုးပေါ့။ သားကြီးတို့နေတာ စက်မှုမြို့သစ်ရဲ့ တောင်ဘက်မှာပါ။ ကျုပ်တို့နေတဲ့ မန္တလေးမြို့ နန်းရှေ့နဲ့က အတော်ဝေးတော့ တစ်လသုံးလေးခါလောက်ပဲ လာပါတယ်။

သမီးကြီးကတော့ ပုသိမ်ကြီးနဲ့ နန်းရှေ့နဲ့ကနီးတော့ တစ်ရက်ခြား နှစ်ရက်ခြား ရောက်ရောက်လာတတ်ပါတယ်။ ဘာပဲပြောပြော၊ နှစ်ယောက်စလုံး သူ့စီးပွားလေးတွေနဲ့သူ ပြည့်စုံနေတာမြင်ရတော့ ကျေနပ်ဝမ်းသာမိတာတော့ အမှန်ပဲ။ တစ်ခါတလေ လင်မယားကတောက်ကဆဖြစ်လို့ အတိုင်တောထူလို့ စိတ်ညစ်ရတာလေးတွေတော့ရှိတာပေါ့။ များသောအားဖြင့်တော့ ကျုပ်မိန်းမ မမြကြည်က ဒိုင်ခံဖြေရှင်းစမြဲ၊ အမေဆိုတော့ ဖြေရှင်းရင် သားသမီးဘက်တော့ ခပ်ပါပါရယ်။

တီ တီ တီ တီ 'ဖုန်းလာနေတယ် မြကြည်ရေ'

'လှမ်းလိုက်စမ်းပါဦး တစ်ဖက်က ဘယ်သူ့ဖုန်းလဲ'

'မင်း သားမက်ဖုန်းဟု ထုံးစံအတိုင်း စကားများရန်ဖြစ်တာနေမှာပေါ့ ရှော့ ရှော့'

'ဖုန်းကိုလှမ်းယူရင်း ဟဲလို သားအောင်နိုင်ထူး ပြောပါ' 'အမေ့သမီးနဲ့ အမေ့မြေး အိမ်မှာလား'

'မလာဘူးကွဲ့ ဘာဖြစ်လို့လဲ'

'အမေ့သမီးကို နေ့လယ် အိမ်ပြန်လာမှာ ထမင်းဟင်းချက်ထားပါလို့ ကျွန်တော် အတန်တန်ပြောခဲ့တယ်။ ဘာမှချက်လည်း မထားဘူး၊ အိမ်မှာလည်းမရှိ ဘယ်တွေ လျှောက်သွားနေမှန်းမသိဘူး၊ ကျွန်တော် တော်တော်ဒေါကန်နေပြီ ကြည့်လည်းပြောကြဦး'

'အေးပါ သားရယ် အမေပြောလိုက်ပါ့မယ်၊ ထမင်းမချက်တာက မီးမလာလို့နဲ့ တူပါရဲ့ကွယ်' ဒီမှာတင် သားမက်ဖြစ်သူက 'မီးမလာလည်း မီးသွေးလည်း ဝယ်ပေးထားတယ်၊ ဂက်စ်အိုးလည်း ရှိတယ်။ မနက်ကတည်းက အမေ့သမီးနဲ့မှုကို ပြောခဲ့တာ၊ ငါးအပြင်က ထမင်းဟင်းတွေချည်းပဲ စားနေရတာကြာတော့ မစားချင်ဘူး၊ အိမ်ချက်တဲ့ ထမင်းနဲ့ ဟင်းလေးစားချင်လို့ သေချာပြောခဲ့တာ။ ဒါကို ချက်မထားဘူး'

'အေးပါကွယ် ဒီတစ်ခါ အိမ်လာလည်ရင် သမီးဖြစ်သူကို အမေဆူလိုက်ပါ့မယ်၊ သမီးကလည်း ပြောတယ် သေချာချက်ထားပေမယ့်လည်း မစားတဲ့အခါ သွန်ပစ်ရတာချည်းပဲတဲ့'

'ညနေပိုင်း မစားဖြစ်တာများလို့ နေ့လယ်ပိုင်းကို ပြန်စားမယ်လို့ သူ့ကို ကျွန်တော်ပြောခဲ့တာ၊ အဲဒါကို ချက်ဖြစ်အောင် ချက်မထားလို့ စိတ်တိုနေတာ'

'သမီးကပြောတယ်၊ ညနေပိုင်း အိမ်က ထမင်းဟင်းမစားဘဲ မင်းဘယ်တွေများ သွားစားနေတာတုန်းကွယ်'

ဒေါ်မြကြည်ကလည်း ပါးတယ်၊ သူလိုချင်တဲ့ စကားလမ်းကြောင်းရောက်အောင် တစ်ဖက်လူကို ဆွဲခေါ်တယ်။

'ဒီလိုပါ အမေ ညနေပိုင်း လုပ်ဖော်ကိုင်ဖက်တွေနဲ့တွေ့လို့ ဧည့်ခံရင်းဆိုင်မှာစားဖြစ်တာ များသွားတာပါ'

'စားတာချည်းပဲလား၊ သောက်တာတော့မပါဘူးလား'

'လုပ်ဖော်ကိုင်ဖက်အပေါင်းအသင်းတွေသောက်တော့ ကျွန်တော်လည်း သောက်ဖြစ်မိတယ်'

'အေး သမီးကလည်း ပြောတယ် ညညဆို အမြဲတမ်း မူးမူးလာတယ်တဲ့၊ မင်းမွေးထားတာ သားယောကျ်ားလေး၊ အတုမြင်အတတ်သင်ဖြစ်မယ်။ ဖြစ်နိုင်ရင်တော့ အသောက်စားမရှိစေချင်ဘူးကွယ်။ ဒါပဲနော် အမေဖုန်းချလိုက်တော့မယ်'

ဒေါ်မြကြည်ကို ကျုပ်က လှမ်းကြည့်လိုက်တယ် အောင်နိုင်သူအပြုံးနဲ့ပါ။ **(ဆက်လက်ဖော်ပြပါမည်။)**

# CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ နယ်စပ်တောင်တန်းဒေသ ဘုံကထိန်တော်သို့ ပဒေသာပင်များ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေး၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း(မန္တလေး) နန်းဦးလွင်၊ ချမ်းအေးသာစံ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းသား၊ ဆရာ၊ ဝန်ထမ်းများ စုပေါင်း၍ (၂၄)ကြိမ်မြောက်၊ မန္တလေး၊ တောင်စလင်းတိုက် (၁၇)ကြိမ်မြောက် ကျင်းပသည့် ဆရာတော်ဘဒ္ဒန္တတိက္ခ၊ အဘိဓဇ မဟာရဋ္ဌဂုရု ဦးဆောင်သော ဘုံကထိန်တော်သို့ ပဒေသာပင် အပင် ၁၀၀ အတွက် ငွေကျပ်သိန်းတစ်ရာ့တစ်ဆယ်ကို ယမန်နေ့က အဆိုပါကျောင်းရှိ ရုံးခန်းတွင် ပေးလှူခဲ့သည်။

အခမ်းအနားအား နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်၍ ဆရာတော်ဘဒ္ဒန္တပညာသီရိထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ၄င်းနောက် ပဒေသာပင်အတွက် ဝတ္ထုငွေ၊ သင်္ကန်းအပါအဝင် လှူဒါန်းမှုအစုစုအား CAE ကိုယ်ပိုင်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နှင်းနှင်းမော်နှင့်အဖွဲ့က ပေးအပ်လှူဒါန်းရာ ဆရာတော်ကိုယ်စား ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းရုံး (မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းနှင့်အဖွဲ့က လက်ခံရယူသည်။

ထို့နောက် ဆရာတော်ထံမှ ရေစက်ချတရားအား နာယူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံ တိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ ပိတ်သိမ်းသည်။ အခမ်းအနားအပြီးတွင် အသင်းဥက္ကဋ္ဌကိုယ်စား တာဝန်ရှိသူတစ်ဦးက နှစ်စဉ် ဆရာတော်ကြီး၏ နယ်စပ်တောင်တန်းဒေသတွင် သာသနာပြုနိုင်ရန် လှူဒါန်းပေးနေမှုအား ကျေးဇူးတင်ဂုဏ်ပြုစကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အောက်ပုံ) (ကဆ)**





## ပြဟ္မစိုရ်စာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေး၊ ဗြဟ္မစိုရ်စာကြည့်တိုက်သို့ စာရေးဆရာများက စာအုပ်အချို့ကိုလည်းကောင်း၊ ကိုယ်တိုင်ရေးစာအုပ်အချို့ကိုလည်းကောင်း ယမန်နေ့ မွန်းလွဲပိုင်းက သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ စာအုပ်များအား ဗြဟ္မစိုရ်စာကြည့်တိုက်အဖွဲ့ ခေါင်းဆောင်ဒေါက်တာ မောင်မောင်လေး(ကိုယ်စား)၊ စာကြည့်တိုက်မှူး ဦးသူရကိုကိုက လက်ခံရယူသည်။ ပေးလှူခဲ့ကြသည့် စာအုပ်များမှာ သုခုမရင်ပြင်စာပေ(ဉသာဘုန်းဇော်မိုး)အဖွဲ့က စာအုပ် ၁၀အုပ်၊ ဆရာကောင်းနွဲ့ (လှုံ့ရေ)တစ်အုပ်၊ ဆရာအိုးဝေ (မြေနီကျင်း)က ပညာရေးဆိုင်ရာနှင့်ခရီးသွားဆောင်းပါးစာအုပ်သုံးအုပ်၊ မောင်မောင်လင်းထွဋ်က ရန်ကြိုင်ဝေ မန္တလာမြေကဗျာစာအုပ်တစ်အုပ်အသီးသီးလှူဒါန်းခဲ့ကြသည်။ စာပေချစ်သူမြတ်နိုးသူများအနေဖြင့် မိမိလက်ဝယ်ရှိစာအုပ်များ အများပြည်သူဖတ်ရှုနိုင်စေရန် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ) (ဝ၄၉)**



## သက်တော်(၄၇)နှစ်ပြည့် ဝိဇာတမွေးနေ့မင်္ဂလာ ကျင်းပမည်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ပွဲကောက်ရွာရှိ သာသနာရာမ ရွှေမင်းဝံရိပ်သာကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသာသန(သာသနဓဇမွှာ စရိယဝိနယဝိဒူကမ္မဋ္ဌာနာစရိယ)၏သက်တော်(၄၇)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူတော် မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၇ရက် နံနက်ပိုင်းတွင် အဆိုပါ ရိပ်သာကြီး၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ ဝိဇာတမွေးနေ့အလှူတော်မင်္ဂလာတွင် မွေးနေ့ရှင်ဆရာတော်က ဆရာတော်၊ သံဃာတော်အပါး ၁၀၀ အားပင့်ဖိတ်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ ဆရာတော်၊ သံဃာတော်များအား ပင့်ဖိတ်လျှောက်ထားပြီးဖြစ်ကြောင်းနှင့် တပည့်ဒါယကာ၊ တပည့်ဒါယိကာမအပေါင်းတို့အား နံနက်စာဖြင့် ကျွေးမွေးကုသိုလ်ယူလှူဒါန်းမည်ဖြစ်ရာ အလှူရှင်များ၊ တပည့်ဒါယကာ၊ တပည့်ဒါယိကာမများ ကြွရောက်ကြပါရန် မွေးနေ့ရှင်ဆရာတော်နှင့်အလှူရှင်တို့က ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(ဝ၅၃)**

## လူငယ်နှင့် ပရဟိတ အသိပညာပေး Talk Show ဆောင်ရွက်

**သရက် နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Book Club အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် လူငယ်နှင့်ပရဟိတ အသိပညာပေး Talk Show ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ Talk Show ဆောင်ရွက်ရာတွင် Book Club အဖွဲ့ဝင် ဦးမြင့်ဆွေ ပညာရေး(ငြိမ်း) နှင့် Book Club အဖွဲ့ဝင် ကဗျာဆရာမောင်မင်းသိမ်း(သရက်) တို့က လူငယ်နှင့်ပရဟိတ ခေါင်းစဉ် ရွေးချယ်ခဲ့ပုံ၊ လူငယ်များ ပရဟိတလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ဖြစ်ပေါ်လာပုံနှင့် ပရဟိတနှင့် လှူဒါန်းမှုတို့ရဲ့ ကွာခြားပုံ သဘောသဘာဝတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)ဇော်ထက်(သရက်)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဧယျာမြေရဲ့ တန်ဆောင်တိုင်ပွဲ

* တန်ဆောင်တိုင် မီးဖောင်ပွဲ
ဧယျာမြေမှာ နှစ်စဉ်နွှဲ ။
* မီးကြာပန်းတွေ နီ၊ ပြာ၊ ဝါ
ဆီမီးထွန်းညှို ပူဇော်တာ ။
* ချစ်ဖော်များနဲ့ ကြည်နူးပျော်
လှေငယ်စီးလို့ မီးပူဇော် ။
* ဧရာဝတီ ရေပြင်မှာ
မီးဖောင်လေးတွေ မျှောကြတာ ။
* ရေလှိုင်းငြိမ့်ငြိမ့် သိမ့်သိမ့်ဖွေး
မီးကြာပန်းတွေ ရောင်စုံပြေး ။
* လင်းလက်လင်းလက် မီးကြာခွက်
လိမ္မော်၊ နီ၊ ပြာ ဖိတ်ဖိတ်လက် ။
* ရေပြင်ကိုပင် မမြင်ရ
ဆီမီးကိုးထောင် မျှောနေကြ ။
* လမင်းကြီးက သာစုခေါ်
မြစ်ရေပြင်ထဲ ဆင်းလို့ပျော် ။
* ဂီတာတီးကာ ဝိုင်းဖွဲ့က
ကြယ်လေးတွေက ပြုံးရယ်ပြ ။
* ဇီးဖြူသီးနဲ့ ငါးပိကြော်များ
စတုဒိသာ မျိုးစုံစား ။
* စစ်ကိုင်းတောင်ရိုး ဘုရားစုံ
လေ့လာဦးချ ဖူးမကုန် ။
* ဆွမ်းမဦးတဲ့ ပုညရှင်မှာ
ရေ၊ မီး၊ ဆွမ်း၊ ပန်း ကပ်လှူတာ ။
* ကမ္ဘာသူ၊ ကမ္ဘာသား
ငြိမ်းအေးပါစေ မေတ္တာပွား ။
* ကောင်းမှုတော်မှာ တစ်ထောက်နား
သနပ်ခါး၊ နို့ယို အထူးကြော်ကြား ။ ။

ခင်ဆွေလှိုင်(ပန်းချီ)

## သတင်းပဒေသာ

### မြို့နယ်လုံးဆိုင်ရာ (၅၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၌၊ မြို့နယ်လုံးဆိုင်ရာ (၅၃)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အခမ်းအနားကို နိုဝင်ဘာ ၁၅ ရက်၌ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်အတွင်းရှိ ဗောဓိညောင်ပင်ကွင်းမြောရုံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုန်းတော်ကြီးကျောင်းများအား ပဒေသာပင်များ မဲဖောက်ဆက်ကပ်လှူဒါန်းခြင်းများ ကျင်းပပြုလုပ်ခဲ့ရာ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအသီးသီးမှ စေတနာရှင်များ စုပေါင်းလှူဒါန်းခဲ့ကြရာ ပဒေသာပင်ပေါင်း ၁၂၀ ကျော် ရရှိခဲ့ပြီး ပဒေသာပင်များ လှည့်လည်ပို့ဆောင်ခြင်းများကို ရပ်ကွက်၊ ကျေးရွာများအလိုက် ပျော်ရွှင်စွာ လှည့်လည်ပို့ဆောင်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### သီးနှံများ ထိခိုက်ပျက်စီးခဲ့မှုအပေါ် ပြန်လည်စိုက်ပျိုးရန် ထောက်ပံ့ပစ္စည်းများ ပေးအပ်

ရာဂီမုန်တိုင်းအရှိန်ကြောင့် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သီးနှံများ ထိခိုက်ပျက်စီးခဲ့မှုအပေါ် ပြန်လည်စိုက်ပျိုးရန်နှင့် ထိခိုက်ဧကများ အထွက်နှုန်းမလျော့နည်းစေရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ကျပ် သိန်း ၅၀၀၀ တန်ဖိုးရှိသည့် ထောက်ပံ့ပစ္စည်းများအား တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့သို့ လှူဒါန်းပေးအပ်ခဲ့သည်။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွက် ငွေကျပ် ၈၀,၈၅၆,၉၇၅ နှင့် ညီမျှသော သွင်းအားစုများအား ပျဉ်းမနားမြို့နယ်၊ သနပ္ပင်ဆိပ် စိုက်ပျိုးစီးပွားအသိပညာပေးစင်တာ၌ ယနေ့ မွန်းလွဲပိုင်းက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လျှပ်စစ်မီး စတင်အသုံးပြုခြင်းအထိမ်းအမှတ် ဖွင့်ပွဲ ပြုလုပ်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ မယ်ဖုံးလုံကျေးရွာ၌ ကျေးရွာလျှပ်စစ်မီး စတင်အသုံးပြုခြင်း အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက မယ်ဖုံးလုံ ဘုရားကျောင်း အသင်းတော်ခန်းမဆောင်တွင် ကျင်းပရာ တာချီလိတ်ခရိုင်၊ လျှပ်စစ်အင်ဂျင်နီယာ ဦးမိုးဇော်လှိုင်၊ တာချီလိတ်မြို့နယ်၊ မြို့မီးလင်းရေးဦးဆောင်ကုမ္ပဏီ အတွင်းရေးမှူး ဦးစိုင်းဆမ်ဆုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးအောင် တည်ဆောက်နိုင်ခဲ့မှုကြောင့် ကျေးရွာရှိအိမ်ခြေ ၁၀၉ အိမ်မှ ဒေသခံကျေးရွာပြည်သူများအနေဖြင့် ကျေးရွာတွင် လျှပ်စစ်မီးရရှိခဲ့ပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်လျက်ရှိကြကြောင်း သိရသည်။


မြို့နယ်(ပြန်/ဆက်)

### စုပေါင်းမဟာဘုံကထိန် ပဒေသာပင်များ လှည့်လည်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် နှစ်စဉ် ကျင်းပပြုလုပ်မြဲဖြစ်သော စုပေါင်းမဟာဘုံကထိန် ပဒေသာပင်လှည့်လည်ပွဲကို ယမန်နေ့ နံနက်ပိုင်းက သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီးမှစတင်၍ သီရိမင်္ဂလာလမ်း-ပြည်ထောင်စုလမ်းမကြီးအတိုင်း ထိုမှတစ်ဆင့် ဟိုပုံး-ဆီဆိုင် ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း သီရိမင်္ဂလာဗိမာန်အထိ လှည့်လည်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဝန်ထမ်းမိသားစုများ စုပေါင်း၍ ဘုံဆွမ်းလောင်း ကုသိုလ်ပြု



**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များနှင့် ဦးမောင်+ဒေါ်မိုးသူဇာ၊ (သမီး) မထက်ထက်ဝင့်အောင်၊ (သား) မောင်မျိုးသန့်ကျော် မိသားစု(ငပိထောင်းဘူးအလှူရှင်)တို့က လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၀၅)ကြိမ်မြောက်အဖြစ် ဆွမ်း၊ဝက်သားမျှစ်ချဉ်ချက်၊ ငပိထောင်းဘူးတို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊သံဃာတော် အပါး ၂၅၀ ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀-၀

## သံဃာ့ဆေးရုံသို့ အလှူငွေ လှူဒါန်း



**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ နှစ်ဖက်မိဘများအား ရည်စူး၍ ကိုတင်မောင်မြင့်+ဒေါ်ဌေးဌေးဝင်း T.M.M ကြေးဆင်းတုနှင့် မြဘုရားရောင်းဝယ်ရေး မိသားစုက ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင် နှစ်ပါးအတွက် အလှူငွေကျပ် ခုနစ်သောင်းနှင့် မျက်စိလှူနာ နှစ်ဦးအတွက် အလှူငွေကျပ် တစ်သိန်းရှစ်သောင်း၊ စုစုပေါင်း ငွေကျပ် နှစ်သိန်းငါးသောင်းကို ယမန်နေ့က လှူဒါန်းရာ နာယကဆရာကြီး ဦးတင်မောင်၊ ပါမောက္ခ ဒေါက်တာ ဦးတင်ထွဋ်၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏ္ဍိဇောတရေ ဦးစိုးလင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၀၂၆၂၆၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (ကဆ)

## နယ်စပ်တောင်တန်းဒေသ ကထိန်တော်သို့ ပဒေသာပင် လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၇**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ (၁၇)ကြိမ်မြောက် ကထိန်တော်၏ ဦးစီးပဓာန နာယကဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်ဆရာတော် ဘဒ္ဒန္တတိက္ခ (အဘိဓဇမဟာရဋ္ဌဂုရု)ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးသို့ အလှူရှင်များက ပဒေသာပင်တစ်ပင်လျှင် ငွေကျပ် တစ်သိန်းတစ်သောင်း၊မိုးကျတစ်ပင်လျှင် ငွေကျပ် ခြောက်သောင်းဖြင့် လှူဒါန်းကုသိုလ်ပြုလျက်ရှိသည်။

အလှူရှင် မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ ဒေါ်ခင်မာက (၇၉)နှစ်ပြည့် မွေးနေ့အကြိုအဖြစ် ပဒေသာပင် တစ်ပင်နှင့်အတူ မိုးပေါ်ကျကထိန်အတွက် ခုနစ်ပါးစာ စုပေါင်း၍ ငွေကျပ် ငါးသိန်းသုံးသောင်းကို ယမန်နေ့က လှူဒါန်းရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းဥက္ကဋ္ဌကိုယ်စား ကော်မတီဝင်တစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

အလားတူ အလှူရှင် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးကျော်ကျော်ဌေး+ဒေါ်သီသီဝင်း မိသားစုက ပဒေသာပင်တစ်ပင်နှင့် မိုးကျတစ်ပင်၊ ဦးထွန်းအေး (တရားလွှတ်တော်ရှေ့နေ)အား ရည်စူး၍ ဒေါ်အမာ မိသားစုက ပဒေသာပင်တစ်ပင်နှင့် အောင်မြေသာစံမြို့နယ်နေ ဦးနေလင်းအောင်+ဒေါ်နန်းဥမ္မာ (နန်းဦးရတနာ)မိသားစုက ပဒေသာပင် တစ်ပင် အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

(အောက်ပုံ) (ကဆ)





## ဆွမ်းဆန်တော်နှင့် အလှူငွေ လောင်းလှူ

**သရက် နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လစဉ် လပြည့်နေ့တိုင်း လှူဒါန်းလျက်ရှိသည့် (၈၆) ကြိမ်မြောက် သာသနာ့အနွယ်ဝင် သီလရှင်(၆၂)ပါးအား ဆွမ်းဆန်တော်နှင့် အလှူငွေလောင်းလှူပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီက ပြည်တော်အေးရပ်ကွက်၊ ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပခဲ့သည်။

အဆိုပါ လောင်းလှူပွဲကို ဆင်ဖြူတော်ကျောင်းတိုက် ဆရာတော်က ဦးဆောင်၍ ရပ်ကွက်အသီးသီးမှ အလှူရှင်၊စေတနာရှင်များ စုပေါင်း၍ လစဉ် လပြည့်နေ့တိုင်း သာသနာ့အနွယ်ဝင်သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူလျက်ရှိရာ (၈၆)ကြိမ်မြောက် လောင်းလှူပွဲတွင် မြို့ပေါ်ကျောင်းတိုက်အသီးသီးမှ သီလရှင်(၆၂)ပါးအား ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ ဆေးနှင့် ဝတ္ထုငွေ၊ အသုံးဆောင်ပစ္စည်းများ လောင်းလှူခြင်းကို စေတနာရှင်၊ အလှူရှင်များ စုပေါင်း၍ လောင်းလှူပြီး ဆင်ဖြူတော်ဘုန်းတော်ကြီးကျောင်းဆရာတော်ထံမှ ရှစ်ပါးသီလခံယူဆောက်တည်ပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတန်းဝေခဲ့ကြောင်း သိရသည်။ (အပေါ်ပုံ)

ဇော်ထက်(သရက်)

# သံဃရာဇ၏ ဟိုတစ်ဖက်ကမ်းဆီသို့

မြတ်ဗုဒ္ဓ၏ သာသနာတော်အား အရှည်သဖြင့် တည်တံ့စေရန်အတွက် သာသနာ့ဝန်ထမ်းများဖြစ်သော အရှင်မြတ်တို့သည် ကြိုးစားအားထုတ်လျက် ရှိကြပါသည်။ အချို့မှာ ပြည့်စုံ၏။ အချို့မှာ မပြည့်စုံ။ ပြည့်စုံသည်ဖြစ်စေ၊ မပြည့်စုံသည်ဖြစ်စေ သာသနာအကျိုး၊ ဘာသာအကျိုးအတွက် သည်ပိုးကြရလေသည်။ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်၊ မုန္တောကြီးကျေးရွာ၊ ကုန်းနီကြီးကျောင်းတွင် သီတင်းသုံးနေထိုင်သော သံဃာတော်များသည်လည်း အပါအဝင်ဖြစ်ပါသည်။ ရိုးရှင်းအေးချမ်းသော တောရိပ်တောင်ရိပ်နှင့်အတူ အညာ၏ သဘာဝရုပ်သွင်တို့ကြောင့် အပူကင်းသကဲ့သို့ ရှင်းလင်းသောရသတို့က လောဘ၊ ဒေါသ၊ မောဟတို့နှင့် ကင်းဝေးစွာ ငြိမ်းချမ်းလေ၏။

ယမန်နှစ်က ဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၅) အ.ထ.ကကျောင်းမှ နှမ်းပါးသော သာသနာ့အကျိုးပြုကျောင်းလေးတစ်ကျောင်းအား ကထိန်အလှူတော်ပြုရန် ရည်ရွယ်ခဲ့ပါသည်။ လစဉ်နှင့်အမျှ ဆရာ၊ ဆရာမတို့၏ ချွေးနဲ့စာလစာငွေထဲမှ စုဆောင်းခဲ့ရာ ဝတ္ထုငွေကျပ် ၁၅ သိန်းခန့် စုမိလေသည်။ သို့သော် ထိုငွေပမာဏမှာ လက်ရှိခေတ်ကာလနှင့် နှိုင်းယှဉ်ကြည့်သောအခါ အလွန်နည်းပါးနေသဖြင့် အုပ်ချုပ်သူ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီအနေဖြင့် စဉ်းစားရလေတော့သည်။ ကထိန်အလှူပြုရန် လိုက်လံလေ့လာစုံစမ်းသည့်အခါ၌လည်း ကျောင်းအတော်များများက ကထိန်အလှူတော်အထမြောက်ရန် လာရောက်လျှောက်ထားပြီး ကျောင်းများနှင့်သာ ကြုံရလေသည်။ ဤသို့ဖြင့် လှူရန်လှူဖွယ်ပစ္စည်းနှင့် အလှူပေးပုဂ္ဂိုလ်များရှိနေသော်လည်း အလှူခံပုဂ္ဂိုလ်မတွေ့ရသေးသည့်အဖြစ်ဖြင့် ကြုံနေရစဉ် အထက်ပါ မုန္တောကြီးကျေးရွာရှိ ကုန်းနီကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် “ဦးသုမင်္ဂလ” နှင့် ဆုံဖြစ်ခဲ့ပါတော့သည်။ ဘုရားကုန်းတော်ပေါ်တွင် ဆုတောင်းပြည့်စေတီတစ်ဆူနှင့်အတူ မြေစိုက်ဝါးတဲကျောင်းလေးအတွင်း၌ သံဃာတော်သုံးလေးပါးနှင့်အတူ ကိုရင်ငယ်လေးများ စာချစာအံလျက် သာသနာ့တာဝန်ကို ထမ်းဆောင်လျက် မြင်တွေ့ရသည်တွင် သွားရောက်လျှောက်ထားသူတို့၏ ရင်ဝယ်ပီတိလွှမ်းရလေတော့သည်။ ဆရာတော်မှလည်း

“အလှူဆိုတာ ဒကာ၊ ဒကာမတွေက သာသနာ့ဝန်ထမ်းကို လှူတဲ့အလှူရှိသလို သံဃာတော်တွေကနေပြီး ဒကာ၊ ဒကာမတွေကို ပြန်ပြီး စွန့်ကြဲတဲ့အလှူဆိုတာလည်း ရှိပါတယ်။ ဒကာ၊ ဒကာမကြီးတို့ အားမငယ်ပါနဲ့ မြတ်စွာဘုရားရှင် လက်ထက်တော်ကတည်းက ကထိန်လျှာသင်္ကန်းရဲ့ အကျိုးသာလျှင် အဓိကပါ။ ကျန်တဲ့အကြောင်းတရားတွေက သာမညပါ။ ကထိန်ရဲ့လှူဖွယ်ပစ္စည်းထက် ကထိန်ခင်းနိုင်ခြင်းကသာ ဘုန်းဘုန်းတို့ သံဃာတွေအတွက် အကျိုးများသလို ဒကာ၊ ဒကာမတွေအတွက်လည်း အကျိုးများပါတယ်။ ပြီးတော့လည်း ကြွရောက်လာမယ့် ဧည့်ပရိသတ်အတွက်လည်း ဘုန်းဘုန်းတို့က တာဝန်ယူဧည့်ခံကျွေးမွေးပါရစေ” ဟု မိန့်ကြားခဲ့ပါသည်။ ဤသို့ဖြင့် ယမန်နှစ်က ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅) အ.ထ.ကကျောင်း ဘုံကထိန်မှာ အောင်မြင်စွာ ပြီးဆုံးခဲ့ပါသည်။

ယခုနှစ်တွင်မူ ထူးခြားသည်ဟု ဆိုရပေမည်။ အမှတ်(၁၁)အ.လ.က နန်းတော်ရှေ့ကျောင်းမှ အငြိမ်းစားဆရာမကြီးများအဖွဲ့မှလည်း လာရောက်ပူးပေါင်းကာ ကထိန်အလှူပြုနိုင်ခဲ့သဖြင့် အလှူရှင်နှစ်ဖွဲ့ဖြစ်ကာ ပို၍မြိုင်ဆိုင်သွားခဲ့ပါသည်။ အမှတ်(၁၅)အ.ထ.က (Grade 8) မှ ကျောင်းသားငယ်တစ်ဦးမှလည်း ခရစ်တော်ကို ယုံကြည်သူဖြစ်လင့်ကစား ကျောင်းကထိန်အတွက် မိမိတစ်ဦးတည်းအင်အားဖြင့် ပဒေသာပင်တစ်ခုအတွက် တာဝန်ယူလှူဒါန်းခဲ့ပါသည်။ ဤသည်တွင် အုပ်ချုပ်သူဆရာမကြီး၏ တပည့်များအပေါ် ကျောသား၊ ရင်သား မခွဲခြားခြင်း၊ ဘာသာတူ၊ ဘာသာခြားမခွဲခြားဘဲ တူမျှသောမေတ္တာဖြင့် အုပ်ချုပ်နိုင်ခြင်းဟူသည့် ပြရုပ်၏အကျိုးဆက်ဟု ယုံကြည်မိပါသည်။

ယမန်နှစ်က မြင်တွေ့ရသော ဝါးကျောင်းငယ်လေး၏ မလှမ်းမကမ်း ကုန်းမို့မို့တွင် အုတ်ကျောင်းတစ်ခု၏အကြမ်းထည်ကို မြင်တွေ့ရပြီးလျှင် ကျောင်း၏တစ်နေရာတွင် ယမန်နှစ်က လှူဒါန်းခဲ့သောငွေပမာဏအား မ,တည်ငွေအဖြစ် ကမ္ပည်းထိုးလျက် မြင်တွေ့ရလေသည်။ ဩော် စိတ်ကူးကောင်းလေစွဟု ဆိုရပေမည်။

ထိုကမ္ပည်းကျောက်စာသည် အလှူရှင်တို့၏ သဒ္ဓါစိတ်ကို ပြန်လည်သတိရစေလျက် သာသနာ၏ အကျိုးကို ဆက်လက်ထောက်ပံ့နိုင်ရန် ခွန်အားပင်ဖြစ်လေသည်။

ကျောင်းမှ မြစ်သားမြို့ဘက်ဆီသို့ ဦးတည်လျက် ပဒေသာပင်များကို ကားပေါ်တင်ကာ စုစုပေါင်းကားလေးစီးဖြင့် ထွက်ခွာခဲ့ကြသည်။ တော်ဝင်မြန်မာပလိုတယ်မှ ကားတစ်စီး၊ ချမ်းအေးသာစံမြို့နယ် ဗဟိုမီးသတ်ဌာနမှ ကားတစ်စီး၊ ကျောင်းသားမိဘတို့မှ ကားနှစ်စီးတို့၏ ကူညီမှုဖြင့် ထွက်ခွာလာခဲ့ကြခြင်းဖြစ်ပါသည်။ (၁၄-၁၁-၂၄)ရက်ဖြစ်သော တန်ဆောင်မုန်းလဆန်း(၁၄)ရက် နံနက် ၆ နာရီတွင် လမ်းခရီး၌ နှင်းမြူတို့က ကြိုဆိုလျက် ချမ်းမြေ့ခြင်းနိမိတ်ဖြင့် ကြိုလင့်ကြသည်။ မြစ်သားမြို့အလွန် “ခြံကြီးကွေ့” လမ်းခွဲသို့ရောက်သောအခါ နှင်းမြူတို့ စဲစပြုသည်။ လမ်းခွဲမှ အရှေ့ဘက်သို့ ဆက်လက်မောင်းနှင်လာကြရာ “ကုန်းနီကြီး ဘုရားကုန်း” သို့ နံနက် ၉ နာရီခန့်တွင် ရောက်လေသည်။ ရွာခံလူငယ်အဖွဲ့က အိုးစည်ဗုံမောင်းများဖြင့် လာရောက်ကြိုဆိုကြလေ၏။ ဆရာတော်သည် ကျောင်းဝမှ တည်ကြည်စွာဖြင့် မေတ္တာရိပ်လွှမ်းသော အသရေတော်ဖြင့် ကြိုလင့်လျက်ရှိလေသည်။ ကြီးမားသောထနောင်းနှင့် မည်စည်ပင်ကြီးတို့၏ အရိပ်အောက်တွင် ခင်းကျင်းထားသော နံနက်စာထမင်းစားပွဲရှည်တို့က



ကြိုလင့်လျက်။ မယ်ဇလီဖူးသုပ်၊ အညာရွက်နုအစုံသုပ်၊ ပဲတီချဉ်သုပ်၊ သရက်သီးချဉ် ငါးပိချက်၊ ကျောက်ဖရုံသီး သားပြွမ်းချက်တို့မှာ အညာသရုပ်ဖြင့် ရသတဏှာကို ဆွဲဆောင်နေသည့်ဟန်။ ဆရာတော်မှ “ခဏတဖြုတ်နားပြီး ထမင်းအဆာပြေ စားကြ၊ ကထိန်အလှူပြီးလျှင်လည်း ထမင်းသုံးဆောင်ပြီးမှသာ ပြန်ကြစေလိုကြောင်း မိန့်တော်မူ၍ ဆောက်လက်စကျောင်းမှ စောင့်ကြိုလေသည်။ အမှတ်(၁၁)အ.လ.က နန်းတော်ရှေ့ကျောင်းမှ အငြိမ်းစားဆရာမကြီးများအဖွဲ့သည်လည်း အတူလိုက်ပါလာခဲ့ပြီမို့ လိုအပ်သည်များကို ပြင်ဆင်လျက် ကထိန်ခင်းခြင်း အလှူတော်မင်္ဂလာ၊ ကထိန်အနုမောဒနာတရား၊ ကထိန်ရေစက်ချတရားတော်တို့ကို တစ်ဆက်တည်း ပြုလုပ်နိုင်ခဲ့ပါသည်။

ကထိန်အနုမောဒနာတရားဟောကြားရာတွင် မြတ်စွာဘုရားလက်ထက်တော်ကစ၍ ကထိန်သင်္ကန်းလှူဒါန်းနိုင်ရန် ဖြစ်ပေါ်လာသောသမိုင်းကြောင်းနှင့် ကထိန်သင်္ကန်းတော်မြတ်၏ အကျိုးကျေးဇူးတို့ကို ဟောကြားခဲ့ပါသည်။ သံဃာတော်များအပေါ် အကျိုးသက်ရောက်မှု၌ အာနိသင်ငါးပါးမှာ ရဟန်းတို့အား မပန်ကြားဘဲ ခရီးလှည့်လည်သွားလာနိုင်ခြင်း၊ အဓိဋ္ဌာန်တင်ထားသောသင်္ကန်းကို မဆောင်ဘဲသွားနိုင်ခြင်း၊ မအပ်သော ပင့်ဖိတ်ခြင်းဖြင့် ရသောဆွမ်းကို သုံးဆောင်နိုင်ခြင်း၊ ရသမျှသော သင်္ကန်းတို့ကို အဓိဋ္ဌာန်တင် သုံးဆောင်နိုင်ခြင်း၊ ကထိန်ခင်းရာကျောင်းတိုက်၌ ပေါ်ပေါက်သောသင်္ကန်းများကို သုံးဆောင်နိုင်ခြင်း စသည်တို့ ဖြစ်သည်။

ထို့အတူပင် ကထိန်သင်္ကန်းလှူဒါန်းသော ဒါယကာ၊ ဒါယိကာမများတွင်လည်း ရရှိနိုင်သော ကထိန်အာနိသင်ငါးပါးမှာ မိမိလိုရာအရပ်သို့ လွတ်လပ်စွာသွားနိုင်ခြင်း၊ နိဗ္ဗာန်မရမီဘဝများတွင် ကိစ္စအဝဝကို အနှောင့်အယှက်ကင်းစွာ ဆောင်ရွက်နိုင်ခြင်း၊ အစားအစာ ပစ္စည်းဥစ္စာစည်းစိမ်တို့ကို ပေါများစွာ ပိုင်ဆိုင်သုံးဆောင်နိုင်ခြင်း၊ အစာရေစာပေါများ၍ ဘေးအန္တရာယ်(အဆိပ်အတောက်)ကင်းစွာ သုံးဆောင်နိုင်ခြင်း၊ ရန်သူမျိုးငါးပါးမှ ကင်းဝေးရခြင်း စသည်တို့ အကျိုးတရားများ ရရှိနိုင်ကြောင်းကို အကျယ်တဝင့် ဟောကြားခဲ့ပါသည်။

ထို့နောက် ကထိန်အလှူတော်ကြီး အောင်မြင်စွာ ပြီးဆုံးခဲ့ပြီမို့ အိုးစည်ဗုံမောင်းများ၊ အောင်စည် အောင်မောင်းတို့၏ တေးသံကြောင့် ဆရာ၊ ဆရာမများ၊ ကျောင်းသူ၊ ကျောင်းသားများသာမက အတူပါဝင် လှူဒါန်းခဲ့ကြသော အငြိမ်းစားယူပြီးခဲ့ကြပြီဖြစ်သည့် ဆရာမကြီးများပါမကျန် ဝင်ရောက်ကခုန်ကြရင်း ကထိန်အလှူတော်မင်္ဂလာပွဲကို အဆုံးသတ်နိုင်ခဲ့ပါသည်။ ထို့နောက် ဆရာတော်၏ ဦးဆောင်မှုဖြင့် ရွာသူ၊ ရွာသားများ တည်ခင်းဧည့်ခံကျွေးမွေးသော နေ့လယ်စာအား စားသုံးလျက် ညနေမစောင်းမီ ပြန်ခဲ့ကြပါသည်။ ဤအလှူပွဲတွင် အမှတ်(၁၅)အ.ထ.က ကျောင်း၏ ပဒေသာပင်မှ လှူဖွယ်ပစ္စည်းများအပြင် အလှူငွေကျပ် ၂၈ သိန်းကိုလည်းကောင်း၊ အမှတ်(၁၁) အ.လ.က နန်းတော်ရှေ့ကျောင်း အငြိမ်းစားဆရာမကြီးများ၏ ပဒေသာပင်မှ လှူဖွယ်ပစ္စည်းများအပြင် အလှူငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ ဆရာတော်အား လှူဒါန်းသည့် နဝကမ္မအလှူငွေများနှင့် ပဒေသာပင်များမှ တန်ဖိုးငွေများပါ စုပေါင်းလိုက်မည်ဆိုပါက ငွေကျပ် ၅၅ သိန်းခန့်ရှိမည်ဟု ခန့်မှန်းရပါသည်။ ဤကဲ့သို့ လှူဒါန်းနိုင်ခဲ့ပါသဖြင့် ထိုကုန်းနီကြီး သာသနာ့ကျောင်းအတွက် သာသနာအကျိုးကို ဆက်လက်သည်ပိုးနိုင်ရန်အတွက် အတန်အသင့် အထောက်အပံ့ရရှိပေလိမ့်မည်ဟု မျှော်လင့်မိပါသည်။ မိမိတို့၏ ဗုဒ္ဓဘာသာ၊ သာသနာအတွက် နိုင်စွမ်းသရွေ့ ထောက်ပံ့လှူဒါန်း နိုင်ရပေမည်ဟူသော အသိတရားကို ကျောင်းသားလူငယ်များ၏ အသိစိတ်ဝယ် ကိန်းအောင်းနိုင်စေရန်အတွက် စစ်မှန်သော လုပ်ဆောင်ချက် ပြရုပ်တစ်ခုဖြစ်ပေသည်ဟု ယုံကြည်ရင်း သံဃရာဇ၏ တစ်ဖက်ကမ်းဖြစ်သည့် အရဟတ္တမဂ္ဂင်သောင်ကမ်းဆီသို့ အတူတက်လှမ်းနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါတော့သည်။

**စောချိုသာ**




# အကျိုးပြုအဏုဇီဝပိုးများ လက်တွေ့ရှာဖွေအသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်း သင်တန်းဖွင့်

**ကျောက်ဆည် နိုဝင်ဘာ ၁၇**

နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိပ္ပံနှင့်နည်းပညာဆိုင်ရာ စွမ်းဆောင်ရည်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေးနှင့် နိုင်ငံတကာအဆင့်မီသိပ္ပံနှင့်နည်းပညာကဏ္ဍများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၌ သဘာဝဇီဝမြေသြဇာနှင့်ဇီဝမှိုသတ်ဆေးထုတ်လုပ်ရေး၊ အကျိုးပြုအဏုဇီဝပိုးများ လက်တွေ့ရှာဖွေအသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲက ဇီဝနည်းပညာသုတေသနဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ)ဒေါက်တာအေးအေးခိုင်က အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်သာယာဝပြောရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ သွင်းကုန်အစားထိုးနိုင်စေရေး၊ လိုအပ်သော နည်းပညာများထောက်ပံ့ပေးရန်၊ ဓာတ်ခွဲခန်းတစ်ခုအတွက် ဖြည့်တင်းရန် လိုအပ်သည့် စက်ပစ္စည်းများ၊ ဓာတုဆေးများကို သိရှိပြီး စနစ်တကျကိုင်တွယ်အသုံးပြုသည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး၊ အဏုဇီဝပိုးများကို အခြေခံသိရှိပြီး ဇီဝလုံခြုံမှုရှိစွာ ကိုင်တွယ်ဆောင်ရွက်တတ်စေရန် သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး အဏုဇီဝဓာတ်ခွဲခန်းတာဝန်ခံညွှန်ကြားရေးမှူးဒေါက်တာစန်းစန်းယုက သင်တန်းတွင် အဏုဇီဝဗေဒဆိုင်ရာ အခြေခံသိကောင်းစရာများတွင် ဓာတ်ခွဲခန်းတွင် ဘေးကင်းလုံခြုံစွာ အသုံးပြုပုံနှင့် အဏုဇီဝဓာတ်ခွဲခန်းပစ္စည်းများအကြောင်းနှင့် အဏုဇီဝပိုးများ ရှာဖွေခြင်း၊ ဇီဝမြေသြဇာပြုလုပ်ပုံအဆင့်ဆင့်နှင့် ဇီဝမြေသြဇာများအကြောင်း၊ ဇီဝမြေသြဇာတွင် ထည့်သွင်းအသုံးပြုမည့် အကျိုးပြုအဏုဇီဝပိုးများအကြောင်း၊ အဏုဇီဝပိုးများ ရေရှည်ခံအောင် ထိန်းသိမ်းခြင်း၊ အဏုဇီဝမှိုထုတ်ယူခြင်း၊ အဏုဇီဝမှိုသတ်ဆေးထုတ်လုပ်ခြင်းစသည့် သင်ခန်းစာများကို စာတွေ့၊ လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

အဆိုပါသင်တန်းတွင် မန္တလေးတက္ကသိုလ်၊ မန္တလာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ Global Earth သင်တန်းသားများနှင့် တစ်နိုင်တစ်ပိုင် ဇီဝမြေသြဇာအရည်ထုတ်လုပ်ရောင်းချသူများ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ၅ ရက်အကြာ စာတွေ့၊ လက်တွေ့သင်ကြား ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် သဘာဝဇီဝမြေသြဇာနှင့်ဇီဝမှိုသတ်ဆေးထုတ်လုပ်ရေး၊ အကျိုးပြုအဏုဇီဝပိုးများ လက်တွေ့ရှာဖွေအသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းသင်တန်းဖွင့်လှစ်ပေးမှုကြောင့် ဓာတ်မြေသြဇာအလွန်အကျွံ သုံးစွဲခြင်းအားဖြင့် ဓာတုအကြွင်းအကျန်များကြောင့် စိုက်ပျိုးမြေဆီလွှာပျက်စီးမှုမှ ကာကွယ်ခြင်း အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# မိတ္ထီလာမြို့နယ် ၅၀၀ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်း ၉၀ ရာခိုင်နှုန်း ပြီးစီး

**မိတ္ထီလာ နိုဝင်ဘာ ၁၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းဘေးတွင် ၅၀၀ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းကို တည်ဆောက်လျက်ရှိပြီး ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၅ ရက်အထိ ထရန်စဖော်မာများ Shunt Reactorrsm; Hybrid Gas Insulated Switchgear များ တပ်ဆင်ပြီးစီးပြီး 500KV Switch Bayနှင့်230KV Switch Bay တည်ဆောက်ခြင်းနှင့် Control Building တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

၅၀၀ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသည် ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၅)



# သပြေပင်အား ပျိုးပင်ဝယ်ယူစိုက်ပျိုးခြင်းထက် မျိုးစေ့ဝယ်ယူစိုက်ပျိုးခြင်းက အပင်ရှင်သန်မှု ကောင်းမွန်



**မန္တလေး နိုဝင်ဘာ ၁၇**

မြန်မာနိုင်ငံအတွင်း သပြေပင်စိုက်ပျိုးသော တောင်သူများအနေဖြင့် ပျိုးပင်များကို ဝယ်ယူစိုက်ပျိုးခြင်းထက် မျိုးစေ့ကိုဝယ်ယူကာ စိုက်ပျိုးခြင်းမှာ အပင်ရှင်သန်မှုကောင်းမွန်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ သပြေပင်စိုက်ပျိုးသူများထံက သိရသည်။

တောင်သူများအနေဖြင့် သပြေစိုက်ပျိုးရာတွင် ပျိုးထောင်ပြီးသော အပင်များကို ဝယ်ယူစိုက်ပျိုးရာတွင် အပင်ရှင်သန်မှုနှုန်းမှာ ၇၀ ရာခိုင်နှုန်းသာရှိကြောင်း၊ မျိုးစေ့ကို ပျိုးထောင်စိုက်ပျိုးလျှင် အပင်ရှင်သန်နှုန်းမှာ ၉၀ ရာခိုင်နှုန်းရှိသည်။

"တောင်သူတွေ လယ်ယာမြေပေါ်မှာ စပါးနဲ့ အခြားရာသီပေါ်သီးနှံတွေအစား ဈေးကွက်ခိုင်မာတဲ့ သပြေပင်တွေကို ပိုမိုစိုက်ပျိုးလာကြတယ်၊ အဲလိုစိုက်ရာမှာ လွယ်လွယ်ကူကူ ပျိုးပင်ကိုပဲ ဝယ်ယူစိုက်ပျိုးကြတယ်၊ ပျိုးပင်ထက် မျိုးစေ့ကို ပျိုးထောင်စိုက်ပျိုးတာက အပင်ကြီးထွားနှုန်း၊ ရှင်သန်နှုန်းအာမခံချက်ပိုမိုရရှိနိုင်တယ်" ဟု သပြေပင်စိုက်ပျိုးသူ ဦးသိန်းမြင့်က ပြောသည်။

မျိုးစေ့ပျိုးထောင်စိုက်ပျိုးမည်ဆိုလျှင် တစ်ဧကလျှင် သုံးတင်းခန့်အသုံးပြုရပြီး တစ်တင်းလျှင် ငွေကျပ်တစ်သိန်းဝန်းကျင်ခန့်ရှိကြောင်း၊ မျိုးစေ့ကို စတင်စိုက်ပျိုးပြီး ရက် ၂၀ ကြာလျှင် ပျိုးပင်ထွက်ရှိလာပြီး အဆိုပါပျိုးပင်ကို စနစ်တကျပြန်လည်စိုက်ပျိုးလိုက်လျှင် တစ်နှစ်နှင့်တစ်နှစ်ခွဲဝန်းကျင်ခန့်အရွယ်ရောက်ရှိလျှင် ရောင်းတန်းဝင်သည့် အနေအထားသို့ ရောက်ရှိကြောင်း သပြေပင်စိုက်တောင်သူများထံက သိရသည်။

(အပေါ်ဝဲပုံ)

"ပျိုးပင်စိုက်တာက အပင်တိုင်းဝယ်သူအကြိုက်လှပတဲ့ အကိုင်းအခက်ပုံစံမျိုးက နည်းတယ်၊ မျိုးစေ့ကို ပျိုးထောင်စိုက်တာက ပွဲစား ၁၀ ဦး လာရင် ၁၀ ဦး လုံးကြိုက်တဲ့ ပုံစံမျိုးဖြစ်တယ်၊ ဒါကြောင့် ရောင်းတန်းဝင်တယ်၊ ပျိုးပင်စိုက်ထားတဲ့သပြေခင်းက အချိန်ကာလအနေနဲ့လည်း တစ်နှစ်ခွဲကျော်မှပဲ ရောင်းလို့ရတဲ့ အနေအထားရတယ်" ဟု မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သပြေပင်စိုက်ပျိုးသူ ဦးသူရထက်က ပြောသည်။

သပြေပင်မျိုးစေ့အား တန်ခူးလတွင် စတင်ပျိုးထောင်ပြီး ဝါဆို၊ ဝါခေါင်လများတွင် စတင်စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် လယ်မြေများအား ထယ်ရေးကို သေချာပြင်ဆင်ရန် လိုအပ်သကဲ့သို့ ရေဝပ်မှုမရှိစေရန်အတွက်လည်း သေချာပြင်ဆင်လုပ်ဆောင်သင့်ကြောင်း သပြေပင်စိုက်ပျိုးသူများထံက သိရသည်။

(မန္တလေးနေ့စဉ်-၈)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ

# ရွှေဘိုခရိုင်တွင် မိုးသီးနှံရွှေဘို ပေါ်ဆန်းစပါးဧက ပိုမိုစိုက်ပျိုးထား

**ရွှေဘို နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်တွင် မိုးသီးနှံဧက ၇သိန်းခွဲကျော် စိုက်ပျိုးထားရာ ရွှေဘိုပေါ်ဆန်းစပါးဧက ပိုမိုစိုက်ပျိုးထားကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ရွှေဘိုခရိုင်မှာ မိုးစပါးစိုက်ထားတာ အရည်အသွေးကောင်းဈေးကွက်ကောင်းရှိတဲ့ ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ဧက ၂သိန်း ၁သောင်းကျော် စိုက်ပျိုးထားတာ အခုလက်ရှိ မိုးစပါးစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေဘိုခရိုင်တွင် မိုးစပါး ၃၅၃၀၉၅ ဧက စိုက်ပျိုးရန် လျာထား၍ ယခုနှစ်ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၄၅၉၃၁ ဧက ၉၈ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးခဲ့ပြီး ဖြစ်သည်။

အရည်အသွေးကောင်းပြီး ဈေးကွက်ကောင်း ရှိသည့် ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ၂၁၀၈၈၂ ဧက ဧရိယာအများဆုံး စိုက်ပျိုးထားသည်။ ရွှေဘိုခရိုင်တွင် မိုးစပါးအပြင် ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံများ စိုက်ပျိုးလျက်ရှိရာ ပဲမျိုးစုံသီးနှံ ၂၁၀၆၆ ဧက၊ ဆီထွက်သီးနှံ ၈၉၇၈၅ ဧကနှင့် အခြားသီးနှံ ၁၀၈၂၇၇ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၃၉၄)






## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းသားသံဃာတော်များအတွက် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၁၇**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အလှူ ငွေနှင့် ဆွမ်းဆန်တော်အစရှိသော သင်တန်းကျောင်း ရိက္ခာအတွက် ပေးအပ်လှူဒါန်းခြင်း ပြုလုပ်သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာ တော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ (မွေ့စရိယ B.A) အရှင်မြတ်က လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အနုမောဒနာတရား ဟောကြား ချီးမြှင့်ပြီး မန္တလေးမြို့၊ ရန်မျိုးလုံ ရပ်ကွက်နေ အလှူရှင် ဒေါက်တာ သိန်းကြွယ် ညွှန်ကြားရေးမှူး၊ စိုး/ စို(ငြိမ်း) + ဒေါက်တာ ခင်စောနှဲ့ မိသားစုက ဒေါက်တာသိန်းကြွယ် ၏ (၇၇)နှစ်ပြည့်မွေးနေ့ မင်္ဂလာ အထိမ်းအမှတ်အဖြစ် ရာသက်ပန် ဆွမ်းပဒေသာပင်အတွက် ယခင် လှူဒါန်းပြီး ငွေကျပ် ၁၀၀၇၀၀၀၀ တွင် ဖြည့်စွက်လှူဒါန်းငွေကျပ် သုံးသိန်း၊ စုစုပေါင်းငွေကျပ် ၁၀၃၇၀၀၀၀ နှင့် ဆွမ်းဆန်တော် သုံးအိတ်၊ ကြက်သွန်တစ်အိတ်၊ အာလူးတစ်အိတ်၊ ပိဿာ ၂၀ပါ ကုလားပဲတစ်အိတ်နှင့် ၁၀ ပိဿာ ဝင် ဆီသုံးပုံးတို့ကို လှူဒါန်းရာ ဥပဋ္ဌာက္ကကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ် ထွန်းက လက်ခံရယူကာ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ် သည်။

အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြု သော ကထိက ဆရာတော်များ သင်တန်းသား သံဃာတော်များ အား နေ့ဆွမ်းကပ်ကြောင်း သိရ သည်။ **(၀၃၆)**

## မြန်မာ့ရိုးရာ ဝိုင်းခြင်း (သို့မဟုတ်) ခြင်းအလှ ခတ်ကစားခြင်း

**မင်းဘူး နိုဝင်ဘာ ၁၇**

မြန်မာတို့သည် ခြင်းလုံးခတ် ကစားခြင်းကို ကိုယ်လက်လှုပ်ရှား မှု ရိုးရာအားကစားတစ်ရပ်အနေ ဖြင့် ဘိုးဘေးဘီဘင်လက်ထက်မှ အစပြုကာ ယနေ့အထိ မြတ်မြတ် နိုးနိုး ကစားလာခဲ့ကြသည်။ မြန်မာ နိုင်ငံတွင် ခြင်းခတ်ကစားခြင်းကို မည်သည့်အချိန်က စတင်ခတ် ကစားလာသည်ကို တိကျစွာ မသိကြသော်လည်း ဒွတ္တဘောင် မင်းကြီး တည်ထားကိုးကွယ်ခဲ့ သော သရေခေတ္တရာမြို့ဟောင်းရှိ ဘောဘောကြီးစေတီ ဌာပနာတိုက် မှ ငွေအတိဖြင့် ပြုလုပ်ထားသော ခြင်းလုံးတစ်လုံးကို တူးဖော်တွေ့ ရှိရသဖြင့် ထိုခေတ်ကပင်လျှင် ခြင်းလုံးနှင့် ခြင်းခတ်ကစားခြင်း များ ပေါ်ပေါက်နေပြီဟု ယူဆ ကြသည်။

မြန်မာသက္ကရာဇ် ၁၂၀၈ခုနှစ်၌ နန်းတက်သော ပုဂံမင်းလက်ထက် တွင် ယိုးဒယားပန်းပုသမားတစ်ဦး သည် ဆင်စွယ်ဖြင့် ထုထွင်းပြုလုပ် ထားသော ခြင်းလုံးတစ်လုံးကို ပုဂံမင်းအား ဆက်သရာ လွန်စွာ နှစ်သက်တော်မူလှ၍ ထိုပုံအတိုင်း ကြိမ်ဖြင့်ထိုးစေပြီး နန်းတွင်းသား လူပျိုတော်တို့အား စတင်ခတ် ကစားစေခဲ့သည်ဟု အဆိုရှိခဲ့ သည်။ ထိုအချိန်က ဝိုင်းခြင်းများ သာ ခတ်ကစားကြပြီး ဝိုင်းခြင်း ခတ်ကစားခြင်းသည် တစ်ဦးနှင့် တစ်ဦး၏စိတ်ကို ညီညွတ်စေသည့် သဘောရှိခဲ့သည်။ ထို့ကြောင့် "အပေးအယူ စိတ်ကြည်ဖြူခြင်း မူစာဂ မျှစိတ္တ"ဟု ဆောင်ပုဒ်ရှိခဲ့ သည်။

ခြင်းခတ်ကစားနည်းကို ခြင်း သေနှင့် ခြင်းရှင်ဟူ၍ နှစ်မျိုး ခတ်ကစားကြပြီး ခြင်းသေကစား ခြင်းကို ညှပ်ခြင်းကစားသည်ဟု လည်း ခေါ်ဆိုကြသေးသည်။ ညှပ်ခြင်းဆိုသည်မှာ ကစားသူက ခြင်းလုံးကို သူ၏ခန္ဓာကိုယ်ပေါ်ရှိ အစိတ်အပိုင်း အမျိုးမျိုးနှင့်ညှပ်၍ ကစားပြခြင်းပင်ဖြစ်သည်။ ညှပ် ခြင်းကစားရာ၌ ခြင်းလုံး ၁ လုံးမှ ၆ လုံးအထိ ခဲရာခဲဆစ် အဆန်း ထွင် ကစားကြသည်။

ခြင်းရှင်ကစားနည်းဆိုသည် မှာ ခြင်းလုံးတစ်လုံးကို လူ ၄၊ ၅ ယောက်က မြေသို့မကျအောင် ဝိုင်းဖွဲ့ခတ်ကစားကြရာမှ ယခု ခေတ်နောက်ပိုင်းကာလများတွင် တစ်တောင်ဖြင့်တွက်ခြင်း၊ ပခုံး ဖြင့်တော့ခြင်း၊ ခေါင်းဖြင့်ခတ်ခြင်း ဟူသော ကစားပုံအမျိုးမျိုးကို အဆန်းထွင်၍ လှပယဉ်ကျေး သော ကစားကွက်များဖြင့် ခြင်း ၏ လှုပ်ရှားပုံအလိုက်ကျခြင်း၊ တက်ခြင်း၊ ပေးခြင်း၊ ဆင်းခြင်း၊ ထိန်းခြင်း၊ တော့ခြင်း၊ လှန်ခြင်း၊ လာခြင်း၊ ထွက်ခြင်း၊ ထောက် ခြင်း၊ ထိုးခြင်း၊ ဖြတ်ခြင်း၊ ပို့ခြင်း၊ မြေထိခြင်း၊ ကော်ခြင်း စသည့် အမှတ်အသားများဖြင့် ခတ်ကစား ကြသည်။

ယခုအခါ ရိုးရာခြင်းခတ် ကစားနည်းများကို ဒူး၊ ခြေဖျား၊ ခြေဖမိုး၊ ခြေဖဝါး၊ ခြေဖနောင့်၊ ခြေခွင်၊ ခြေစောင်း စသည့်နည်းများ အပြင် ပခုံး၊ ခေါင်း၊ ကျောကုန်း၊ တံတောင်၊ ရိုးရိုးဒူး၊ နှစ်ထပ်ဒူး၊ ဝိုက်ဒူး၊ မဟာဒူး၊ ဂုမ္ဘာဒ်ဒူး၊ စလွယ်ခြင်း၊ ဝိုက်ခြင်း၊ ရှပ်ခြေ ထိုးခြင်း ဟူသော မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု ခြင်းအလှခတ် ကစားနည်းများသည် ကမ္ဘာက အားကျဂုဏ်ယူလောက်သည့် မြန်မာ့ရိုးရာရိုးရာ ခြင်းခတ်ကစား နည်းများပင် ဖြစ်ကြပါတော့သည်။

**(အောက်ပုံ) (၅၀၄)**



# အာရုံကြော အားကောင်းစေမည့် သစ်သီး ၆ မျိုး



အာရုံကြောအဖွဲ့အစည်းလို့ဆိုရာမှာ ဦးနှောက်နှင့် ကိုယ်ခန္ဓာအတွင်း သတင်း အချက်အလက်တွေကို သယ်ဆောင်ပေး တဲ့ အာရုံကြောနဲ့ ဆဲလ်တွေရဲ့ ကွန်ရက် အဖွဲ့အစည်းကို ခေါ်တာဖြစ်ပါတယ်။

အာရုံကြောအဖွဲ့အစည်းမှာ အပိုင်း (၂)ပိုင်းရှိပါတယ်။ တစ်ပိုင်းက ဗဟိုနာဗ့် ကြော အဖွဲ့အစည်းနဲ့ နောက်တစ်ပိုင်းက အစွန်အဖျားပိုင်း အာရုံကြောအဖွဲ့တို့ ဖြစ်ပါတယ်။ ပထမအဖွဲ့(ဗဟို)မှာဆိုရင် ဦးနှောက်နဲ့ ကျောရိုးမကြီးတို့ ပါဝင်ပါ တယ်။ အစွန်အဖျားပိုင်းအဖွဲ့မှာဆိုရင် ကျောရိုးမကြီးနဲ့ ခန္ဓာကိုယ်ရဲ့ ကျန် အစိတ်အပိုင်းတွေအားလုံး ဆက်သွယ် နေတဲ့ အာရုံကြောတွေ ပါဝင်လျက်ရှိ ပါတယ်။

အာရုံကြောရဲ့ လုပ်ငန်းဆောင်တာ တွေကတော့ ဦးနှောက်ကြီးထွားဖို့နဲ့ ဖွံ့ဖြိုး တိုးတက်အောင်လုပ်ပေးတယ်။ ခံစား ချက်တွေကို လုပ်ပေးတယ်။ ဥပမာ ‥ အထိအတွေ့နဲ့ အကြားအာရုံ ခံစားချက် တွေဖြစ်ပါတယ်။

အတွေးနဲ့ စိတ်လှုပ်ရှားမှုမျိုး၊ သင် ယူလေ့လာမှုမျိုးနဲ့ မှတ်ဉာဏ်လိုမျိုးတွေ အပြင် ခန္ဓာကိုယ်ထိန်းတာ၊ တုံ့ပြန်တာ၊ အိပ်စက်အနားယူတာ၊ အနာကျက်စေ တာ၊ ပြန်လည်နလံထူစေတာမျိုးတွေကို လည်း အာရုံကြောအဖွဲ့က ပူးပေါင်းလုပ် ဆောင် ပေးပါတယ်။

နှလုံးခုန်တာ၊ အသက်ရှူသွင်းထုတ် တာ၊ သွေးပေါင်ချိန် ထိန်းညှိပေးတာ တွေကိုလည်း အာရုံကြောအဖွဲ့က လုပ် ဆောင်ပေးတာ ဖြစ်ပါတယ်။

အသက်ရှင်နေထိုင်မှုတွေ အားလုံး လိုလိုမှာ အာရုံကြောရဲ့ လုပ်ဆောင်ချက် တွေပါဝင်နေတဲ့အတွက် အာရုံကြောဟာ လူတိုင်းအတွက် အရေးကြီးလှပါတယ်။ ဒါကြောင့် အာရုံကြောတွေ ကျန်းမာနေဖို့ ရာ လိုအပ်လှပါတယ်။

ဒီအတွက် အာရုံကြောတွေ ကျန်းမာ စေဖို့နဲ့ ပျက်စီးသွားတဲ့ အာရုံကြောတွေ ပြန်လည်ကောင်းစေဖို့အတွက် စားသင့်တဲ့ သစ်သီးတွေ ရှိပါတယ်။

**(၁) လိမ္မော်သီး**

လိမ္မော်သီးမှာဆိုရင် ဗီတာမင်စီဓာတ် အများအပြား ပါဝင်နေပါတယ်။ ဗီတာမင် စီဓာတ်ဟာဆိုရင် ကျန်းမာတဲ့ ကိုယ်ခံ စွမ်းအားစနစ်ကို ထိန်းနိုင်ဖို့ အထူးလိုအပ် တဲ့ ဗီတာမင်တစ်မျိုးဖြစ်ပါတယ်။

လိမ္မော်သီးမှာ သိုင်ယာမင်း (Thiamin)ဓာတ်လည်း ပါဝင်နေပါတယ်။ ဒီ ဓာတ်ဟာ ဗီတာမင်ဘီအုပ်စုထဲက ဗီတာမင် တစ်မျိုးဖြစ်ပြီး စိတ်ဖိစီးမှုကို ပြေပျောက် စေနိုင်တဲ့ ဗီတာမင်တစ်မျိုး ဖြစ်ပါတယ်။ ခေါင်းကိုက်တာ ပျောက်စေသလို စိတ်တို စိတ်ဓာတ်ကျတာတွေကိုလည်း လျော့ကျ စေတယ်လို့ဆိုပါတယ်။

လိမ္မော်သီးကို နေ့တိုင်းစားပေးရင် ဦးနှောက်ကျန်းမာရေး ပိုကောင်းစေပြီး ဉာဏ်ရည်ထက်မြက်တာကို တွေ့ရတယ် လို့ ဆိုပါတယ်။

လိမ္မော်သီးကို သူ့ချည်းသက်သက် စားတာ ကောင်းပေမယ့် ဖျော်ရည်လုပ် သောက်တဲ့အခါ သကြားနဲ့ အခြားကျန်းမာ ရေးထိခိုက်စေတဲ့ ပါဝင်ပစ္စည်းတွေကြောင့် ဦးနှောက်နဲ့အာရုံကြော လေးလံထိုင်းမှိုင်း စေတာကိုတော့ သတိပြုရပါမယ်။



**(၂) ဖရဲသီး**

ဖရဲသီးမှာဆိုရင် ပိုတက်စီယမ်ဓာတ် အများအပြား ပါဝင်နေတယ်လို့ ဆိုပါ တယ်။ ပိုတက်စီယမ်ဟာဆိုရင် သွေးပေါင် ချိန်ကို ကျစေတယ်။ အာရုံကြောရဲ့ လုပ်ငန်း ဆောင်တာတွေကိုလည်း အထောက်အကူ ပေးပါတယ်။

ဖရဲသီးမှာ ဗီတာမင် ဘီ-၆ လည်း ပါဝင်နေပြီး ပရိုတိန်းကို ချေဖျက်ပေး တယ်။ ကိုယ်ခံအားစနစ်ကို တိုးတက် ကောင်းမွန်စေတယ်။ အာရုံကြော လုပ်ငန်း စဉ်တွေကိုလည်း အထူးတိုးတက်ကောင်း မွန်စေပါတယ်။

ဖရဲသီးမှာ စွမ်းအားမြင့် ဓာတ်တိုး ဆန့်ကျင်ပစ္စည်းတစ်ခုဖြစ်တဲ့ လိုင်ကိုပင်း (Lycopene)ဓာတ်လည်း များများ ပါဝင် နေတာတွေ့ရပါတယ်။ ဒီလိုင်ကိုပင်းဟာ ဆိုရင်လည်း ဦးနှောက်ကျန်းမာရေးကို တိုး တက် ကောင်းမွန်စေပါတယ်။ မှတ်ဉာဏ် ကောင်းစေပြီး အာရုံကြောစနစ်ကို တိုး တက်စေပါတယ်။

ဖရဲသီးမှာ ရေဓာတ်အပြည့်အဝ ပါရှိ တဲ့အတွက်လည်း ဦးနှောက်နဲ့ အာရုံကြော အတွက် လိုအပ်တဲ့ရေဓာတ်ကို အလုံ အလောက် ရရှိစေပါတယ်။ တကယ်လို့ ရေဓာတ်အနည်းငယ်ချို့တဲ့မှုဖြစ်ရင် စိတ် ပိုင်းဆိုင်ရာ စွမ်းအင်တွေ ကျဆင်းသွား နိုင်ပါတယ်။ မှတ်ဉာဏ်လည်း ထိခိုက် စေပါတယ်။

**(၃) ဆီးသီးခြောက် (Prune)**

ဆီးသီးခြောက်ဟာ ချိုတယ်။ အရသာ ရှိတယ်။ စားလို့ကောင်းသလို ဗီတာမင်နဲ့ အာဟာရဓာတ်တွေ များများပါဝင်နေပါ တယ်။ အထူးသဖြင့် ဗီတာမင် ဘီ-၆ ကြွယ်ဝစွာ ပါဝင်နေပါတယ်။ ဒါကြောင့် ဦးနှောက်ကျန်းမာရေး ကောင်းစေတယ်။ အယ်လ်ဇိုင်းမားရောဂါနဲ့ သက်ကြီးသတိ မေ့ရောဂါတွေကို ကာကွယ်ပေးနိုင်တာ တွေ့ရတယ်။

ဆီးသီးခြောက်မှာ ပိုတက်ဆီယမ် ဓာတ် အများအပြား ပါဝင်နေတာလည်း တွေ့ရပါတယ်။ ပိုတက်ဆီယမ်ဟာဆိုရင် အာရုံကြော၊ ကြွက်သား၊ နှလုံးလုပ်ငန်း တွေကို အထောက်အကူဖြစ်စေပါတယ်။ သုတေသနပြုချက်တွေအရ ဆီးသီး ခြောက် တစ်နေ့လေးလုံး၊ ငါးလုံး စား ပေးမယ်ဆို ဦးနှောက်၊ နှလုံးကျန်းမာရေး နဲ့ အရိုးကျန်းမာရေးတွေ ပိုမိုကောင်းမွန် စေတာ တွေ့ရပါတယ်။

ဆီးသီးခြောက်ဟာ အာရုံကြော အဖွဲ့ အစည်းကို ကောင်းမွန်စေသလို စိတ်ခံစား ချက်ကိုလည်း ကောင်းမွန်စေပါတယ်။ စိတ်ဓာတ်ကျဆင်းတာ၊ စိုးရိမ်ကြောင့် ကြတာ၊ စိတ်တိုဒေါသဖြစ်လွယ်တာနဲ့ ဝမ်းနည်းကြေကွဲလွယ်တာမျိုးတွေကို လျော့ပါးစေနိုင်ပါတယ်။ ညဘက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေပါတယ်။

**မျိုးဦး**



## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေး

**နတ်မောက် နိုဝင်ဘာ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ဆင့်မစက်ဝန်း ထုတ်ချေးခြင်းကို နိုဝင်ဘာ ၁၃ ရက် နေ့လယ်ပိုင်းက မဲဇလီပင်ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြော ကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မဲဇလီပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄၈ ဦး ငွေကျပ် ၃၀ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ကိုးဦး ငွေကျပ် ၁ ဒသမ ၉ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦး ငွေကျပ် ၃ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၃ ဦးကို ဆင့်မအကြိမ်မြောက်အဖြစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၆ ဒသမ ၂ သန်းထုတ်ချေးပေးခဲ့ သည်။ နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ ခုနှစ်ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ ကျေးရွာပေါင်း ၄၁ ရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မူမူစန်း**

## ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုစစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ခုနှစ် ဘဏ္ဍာနှစ်တွင် တောင်တွင်းကြီးမြို့နယ်၊ ပန်းသွင်းလေးကျေးရွာအုပ်စု၊ ကုက္ကိုလှကျေးရွာ၌ (VDP) စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကုက္ကိုလှကျေးရွာ၌ ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ကုက္ကိုလှကျေးရွာ၌ အရှည် ၅၄၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မထု အတိုင်းအတာရှိ ကျေးရွာအတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေပြည်သူလူထု ထည့်ဝင်ငွေကျပ် ၁ သန်း၊ စုစုပေါင်း ငွေကျပ် ၁၆သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ကျေးရွာနေ ပြည်သူလူထုကိုယ်တိုင် ယခုနှစ် ဩဂုတ်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာ အတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ကုက္ကိုလှကျေးရွာရှိ အိမ်ခြေ၂၁၈ အိမ်၊လူဦးရေ ၉၉၉ ဦးတို့ ရာသီမရွေး သွားလာရလွယ်ကူလာမည်ဖြစ်ပြီး လူမှုရေး၊ကျန်းမာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ယခင်ကထက်ပို၍ ထိရောက်စွာ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှံမှ ပြောကြားကြောင်း သိရသည်။

**(အောက်ပုံ) နွံ့ယဉ်**





## ငရုတ်သီးအစိမ်း ဈေးကောင်းသဖြင့် စိုက်ပျိုးရောင်းချသူများ အဆင်ပြေ

**ကျောက်ဆည် နိုဝင်ဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြကြောင်း နှင့် တောင်သူအချို့သည် ငရုတ်သီးနှံစိုက်ပျိုးပြီး အသီးအစိမ်းခူးဆွတ်ရောင်းချပြီး နေ့စဉ် ဝင်ငွေရရှိရေး တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရာ ငရုတ်သီးအစိမ်းဈေးကောင်းသဖြင့် စိုက်ပျိုးရောင်းချသူများ အဆင်ပြေလျက်ရှိသည်။

ကျောက်ဆည်မြို့နယ်တွင် ငရုတ်သီးအစိမ်းခူးဆွတ်ရောင်းချသူများအနေဖြင့် (၆၉၂) ငရုတ်မျိုးများ အဓိကစိုက်ပျိုးကြပြီး ဈေးကွက်ရရှိရေး အချိန်ကာလ အမျိုးမျိုးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရာတွင် အစိုစိုက် (ရေသွင်းစိုက်ပျိုးခြင်း)နှင့် အခြောက်စိုက် (မြေကျင်းဖော်၍ ရေလောင်းစိုက်ပျိုးခြင်း)ဟူ၍ အမျိုးမျိုးစိုက်ပျိုးကြကြောင်း ငရုပ်သီးနှံတစ်ဧကပျိုးထောင်စိုက်ပျိုးမည်ဆိုပါက မျိုးထုပ်(၁၅)ထုပ်ခန့် ပျိုးထောင်စိုက်ပျိုးရကြောင်း ကုန်ကျစရိတ်အနေဖြင့် မြေပြင်သည်မှစ၍ အခင်းအပြက်သိမ်းသည်အထိ သွင်းအားစု ထည့်သွင်းအသုံးပြုသည့် အပေါ်မူတည်၍ ငွေကျပ်သိန်း ၃၀ မှ ၃၅ သိန်းထိ ကုန်ကျစရိတ်ရှိကြောင်း စပယ်တောကျေးရွာမှ တောင်သူဦးကျော်သိန်းထံက သိရသည်။

**(အပေါ်ပုံ)**

**(၄၈၀)**

## ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက ကျေးရွာ၊ရပ်ကွက်နှင့် ဈေးများတွင် ဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါ အသိပညာပေးလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမွန်စိုးရီဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ သောက်သုံးရေအရင်းအမြစ်နှင့် အိမ်သာများ ကောင်းမွန်စေရေး ကြီးကြပ်အကြံပြုခြင်းများကို ကွင်းဆင်း၍ ဆောင်ရွက်ခဲ့ကြပြီး ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**





## မိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

**ရွှေဘို နိုဝင်ဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်တွင် ယခုနှစ်မိုးရာသီ၌ မိုးသီးနှံ စုစုပေါင်း ၇၅၄၆၅၄ ဧက စိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **(အပေါ်ပုံ)**

ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ရွှေဘိုခရိုင်တွင် မိုးစပါး ၃၅၃၀၉၅ ဧက စိုက်ပျိုးရန်လျာထားခဲ့ပြီး ယခုနှစ်ဇူလိုင်လမှ စတင်စိုက်ပျိုး ခဲ့ရာ ယနေ့အထိ ၃၄၅၉၃၁ ဧက ၉၈ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးခဲ့ပြီးဖြစ်သည်။ ရွှေဘိုခရိုင်၏ မိုးစပါးတွင် အရည်အသွေးကောင်း၊ ဈေးကွက်ကောင်းရရှိသော ရွှေဘိုပေါ်ဆန်းစပါးမျိုးကို ၂၁၀၈၈၂ ဧက ဧရိယာအများဆုံး စိုက်ပျိုးထားရှိခဲ့ပြီး ယခုအချိန်တွင် မိုးစပါးစိုက်ခင်းများသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိပါသည်။

ရွှေဘိုခရိုင်သည် မိုးစပါးအပြင် ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံစသည့် သီးနှံစိုက်ပျိုးလျက်ရှိသည့် ခရိုင်တစ်ခုဖြစ်သည်နှင့်အမျှ ပဲမျိုးစုံသီးနှံ ၂၁၀၆၆ ဧက၊ ဆီထွက်သီးနှံ ၈၉၇၈၅ ဧကနှင့် အခြားသီးနှံ ၁၀၈၂၇၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခုအချိန်တွင် မိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရွှေဈေးအနည်းငယ်ကျဆင်းလာ

နိုဝင်ဘာဒုတိယသီတင်းပတ်တွင် ကမ္ဘာ့ရွှေဈေးတစ်အောင်စ ၂၅၆၂ဒေါ်လာ ပေါက်ဈေးရှိနေပြီး ပြည်တွင်းအခေါက်ရွှေ တစ်ကျပ် သားပေါက်ဈေးမှာငွေကျပ် ၆၀၈၀၀၀၀ ပေါက်ဈေးရှိ ကာ အနည်းငယ်ကျဆင်းလာသည်။

နိုဝင်ဘာ ၁၇ ရက်တွင် အခေါက်ရွှေတစ်ကျပ်သား ရောင်းဈေးငွေကျပ် ၆၀၈၀၀၀၀၊ ဝယ်ဈေးငွေကျပ်၆၀၄၀၀၀၀၊ ၁၅ ပဲရည် တစ်ကျပ်သား ရောင်းဈေးငွေကျပ် ၅၈၈၀၀၀၀၊ ဝယ်ဈေးငွေကျပ်၅၈၄၀၀၀၀ပေါက်ဈေး ရှိနေသည်။

နိုဝင်ဘာ ၁၇ ရက်တွင် အမေရိကန်ဒေါ်လာရောင်းဈေး ၄၄၈၀ကျပ်၊ ဝယ်ဈေး ၄၃၈၀ ကျပ်၊ ယူရိုရောင်းဈေး ၄၇၃၀ ကျပ်၊ ဝယ်ဈေး ၄၆၂၀ ကျပ်၊ ထိုင်း ဘတ်ရောင်းဈေး ၁၂၉ ဒသမ ၀၃ ကျပ်၊ ဝယ်ဈေး ၁၂၅ဒသမ ၇၉ ကျပ်၊ တရုတ်ယွမ် ရောင်းဈေး ၆၁၂ ကျပ်၊ ဝယ်ဈေး ၆၀၅ ကျပ်၊ အိန္ဒိယ ရူပီးရောင်းဈေး ၅၂ ဒသမ ၉၀ ကျပ်၊ ဝယ်ဈေး ၅၁ ဒသမ ၅၇ ကျပ် အသီးသီးပေါက်ဈေး ရှိနေသည်။

**ရွှေမန်း**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ "ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်" ဆိုသည့်အတိုင်း နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်...

❖ လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့်သိပ္ပံဘာသာရပ် (၂) ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်လာတော့မည့် မြန်မာ့သင်္ကြန်



ယူနက်စကို၏ ကမ္ဘာ့ဒြပ်မဲ့အမွေအနှစ်ရွေးချယ်မည့်စာရင်းတွင် မြန်မာသင်္ကြန် ပါဝင်လာကြောင်းကို ၆-၁၁-၂၀၂၄ရက်တွင် ရှေးဟောင်းသုတေသနဝန်ကြီးဌာနမှ ကြေညာခဲ့သည်။ ထိုအကြောင်းကို ကျွန်တော်ကိုယ်တိုင်ပင် စိတ်ဝင်စားခဲ့သောကြောင့်ပင် မြန်မာပြည်နှင့် ယူနက်စကိုကြား ဆက်သွယ်မှုများကို လေ့လာမိလိုက်သည်။

**UNESCO ယူနက်စကိုဆိုတာဘာလဲ**

ယူနက်စကို UNESCO ရဲ့ အရှည်ကောက်ကတော့ United Nations Educational, Scientific and Cultural Organization ဖြစ်ပါသည်။ မြန်မာလို အလွယ်ပြန်ရမည်ဆိုရင်တော့ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့သည် ပညာရေး၊ အနုပညာ၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သည့် အဖွဲ့အစည်းကြီးဖြစ်ပါသည်။ ဒြပ်ရှိယဉ်ကျေးမှုများ၊ ဒြပ်မဲ့ယဉ်ကျေးမှုများ သဘာဝဆိုင်ရာ အလှတရားများကို ထိန်းသိမ်းစောင့်ရှောက်နေသော အဖွဲ့အစည်းကြီးတစ်ခုဖြစ်ပါသည်။ UNESCO သည် (1952)မှ (2017)အထိ ကမ္ဘာလုံးဆိုင်ရာ သိပ္ပံဆိုင်ရာ သုတေသနစင်တာများ ပေါ်ပေါက်လာစေခဲ့ရန် ကြိုးပမ်းခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာ ဆုနှာမီကြိုတင်သတိပေးစနစ်ကို တီထွင်ခဲ့သည်။ ယူနက်စကိုသည် အာဖရိကနှင့် တိုက်ကြီး ငါးတိုက်လုံး၏ အထွေထွေသမိုင်းကို ရေးသားရန် ကျွမ်းကျင်သူများ နှင့် ပညာရှင်များကို စုစည်းခဲ့သည်။ ယူနက်စကိုသည် နိုင်ငံအများစု ၏ စာတတ်မြောက်ရေးအတွက် ကြိုးပမ်းစေခဲ့ပြီး နိုင်ငံအများစုရှိ ယဉ်ကျေးမှု အမွေအနှစ်များစွာတို့ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ပေသည်။

**မြန်မာနိုင်ငံတွင်းမှာ ယူနက်စကို စာရင်းဝင်ရှိပြီလား**

မြန်မာနိုင်ငံတွင်လည်း ယူနက်စကို စာရင်းဝင်နေရာနှစ်ခုရှိပြီးဖြစ်သည်။ နှစ်ခုလုံးဟာ ကျွန်တော်တို့နှင့် မစိမ်းသော နေရာများဖြစ်သည်။ ပထမတစ်ခုမှာ ပျူမြို့ဟောင်းဖြစ်သည်။ ယင်းမြို့ဟောင်းကို ၂၀၁၄ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ ဒုတိယတစ်ခုမှာ ၂၀၁၉ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ခဲ့သော ပုဂံဒေသဖြစ်သည်။ နှစ်နေရာစလုံးတွင် ခရီးသွားဆွဲဆောင်မှု နေရာများစွာတို့ ရှိနှင့်ပြီဖြစ်သည်။

**မြန်မာ့သင်္ကြန်သာ ယူနက်စကို ဝင်လာခဲ့ရင်**

ဒီအရာက ကျွန်တော်တို့ တစ်နိုင်ငံလုံး မျှော်လင့်နေသော အရာသာဖြစ်သည်။ ထိုင်းနိုင်ငံ၏ ဆုန်ခရမ်ရေကစားပွဲတော်ဟာ ယူနက်စကိုဝင်ပြီးဖြစ်သည်။ သို့သော် အတာသင်္ကြန်ရေကစားပွဲတော်သည် ယခုနှစ်တွင် ဆန်ခါတင်အနေဖြင့် ပါဝင်လာခြင်းဖြစ်သည်။ ဆုန်ခရမ်ပွဲတော်တွင် ဆင်နွှဲလိုသူက ဆုန်ခရမ်ပွဲတော်ရှိသည့်နေရာသို့ သွားရောက်ရမည်။ အတာပွဲတော်သည် ထိုသို့မဟုတ်။ မြန်မာတစ်နိုင်ငံလုံးရှိ လမ်းကြိုလမ်းကြားမကျန် ရေကစားပက်ဖျန်းကြခြင်းဖြစ်သောကြောင့် ရေကစားပွဲတော်နှစ်ခုယှဉ်ကြည့်မည်ဆိုလျှင်ပင် ကျွန်တော်တို့ အတာပွဲတော်က ပို၍ပျော်စရာကောင်းပေမည်။ ယူနက်စကိုသာ ဝင်မည်ဆိုလျှင် ပွဲတော်အကြောင်းကို ယခင်သိသည်ထက်ပို၍ သိလာကြမည်။ ကမ္ဘာ့လှည့်ခရီးသွားများက ယင်းပွဲတော်မည်သို့ ရှိသည်ကို စုံစမ်းလာကြတော့မည်။ လာရောက်ကြပေမည်။ ယင်းသည် နိုင်ငံအတွက် များစွာအကျိုးရှိလာတော့မည်ဖြစ်သည်။ နိုင်ငံခြားဝင်ငွေ များစွာရရှိလာမည်သာမက

စာမျက်နှာ ၅ သို့ ❖

## ဟာလန်းအား တစ်ပတ်လုပ်ခလစာငွေ စတာလင်ပေါင် ၅သိန်းပေးချေ၍ စာချုပ်သက်တမ်းတိုးရန် မန်ချက်စတာစီးတီးအသင်း စီစဉ်



**မန်ချက်စတာ နိုဝင်ဘာ ၁၇**

ပရီးမီးယားလိဂ်ကလပ် မန်ချက်စတာစီးတီးအသင်းသည် အသင်း၏ အဓိကတိုက်စစ်မှူး ဟာလန်းအား တစ်ပတ်လုပ်ခလစာငွေ စတာလင်ပေါင် ၅သိန်း ပေးချေ၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက် ၂၄နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပထိပ်သီးကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟာလန်းသည် မန်ချက်စတာစီးတီးနှင့် လက်ရှိလစာငွေအတိုင်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုဖြစ်ပါက ပရီးမီးယားလိဂ်သမိုင်းတစ်လျှောက် စံချိန်တင်လစာငွေ အများဆုံးရရှိသည့် ကစားသမားဖြစ်လာဦးမည်ဖြစ်သည်။

တိုက်စစ်မှူးဟာလန်းသည် မန်ချက်စတာစီးတီးအသင်းနှင့် အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၄ပွဲကစားပြီး ၁၀၅ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသလို အသင်းအားလည်း ဆုဖလားများစွာ သိမ်းပိုက်ရယူပေးထားနိုင်ခဲ့သည်။

ထို့ကြောင့် တိုက်စစ်မှူးဟာလန်းအနေဖြင့် မန်ချက်စတာစီးတီးအသင်းနှင့် စာချုပ်သက်တမ်းတိုးပြီး ပရီးမီးယားလိဂ်၏ လစာငွေ အများဆုံးကစားသမားဖြစ်လာဦးမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရဦးမည် ဖြစ်သည်။ (NGB)